ကတညုတာ ဇတာံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၀)၊ အမှတ်(၂၇၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နီပေါနိုင်ငံဘုရင်မင်းမြတ်မွေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၇

၂၀၀၃ ခုနှစ် ဇူလိုင် ၇ ရက်၌ ကျရောက်သော နီပေါနိုင်ငံ ဘုရင်မင်းမြတ် မွေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နီပေါနိုင်ငံဘုရင်မင်းမြတ် ဂျန်နင်ဒရာ ဘီ၊ဘီခရမ်ရှားဒေ့ဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးတည်း လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါလျက် နိုင်ငံတော်၏အနာဂတ်အရေးအတွက် အေးချမ်းစွာအသွင်ကူးပြောင်းရေးနှင့် ပါတီ၏အခန်းကဏ္ဍ အသက်ဝင်လာအောင် အကောင်အထည်မဖော်နိုင်ခဲ့ခြင်းမှာ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ရရှိသည့်အခွင့်အရေးကို အသုံးမချတတ်ခြင်းဟု ထင်စရာ မြင်စရာ ဖြစ်နေ၏။ **(ဆောင်းပါး-၈)**

(၁၆၅)စင်းမြောက် ဒါးကတံတားကြီး ဖွင့်လှစ်လိုက်ပြန်ပြီ

ယခုအခါ နိုင်ငံတော်အနေဖြင့် ငွေကျပ်သန်းပေါင်း ၇၉၃၉၄ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၉၀၇ သန်း အကုန်အကျခံပြီး တစ်နိုင်ငံလုံး၌ လမ်းနှင့် တံတားများ တည်ဆောက်ပေးခဲ့သည်။ လမ်းဆိုလျှင်လည်း တစ်နိုင်ငံလုံး ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင် ၁၃၆၃၅ မိုင်ရှိပြီး ၁၉၈၈နောက်ပိုင်း ယနေ့အထိ လမ်းမိုင် စုစုပေါင်း ၄၄၇၇ မိုင် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ ဧရာဝတီတိုင်းအတွင်း မြေလမ်းမှ ကတ္တရာလမ်းအထိ ယခင် မိုင်၄၄၀ သာဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၁၃၂၈ မိုင်အထိ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၈၈၇ မိုင် တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တံတားအနေဖြင့် ပြည်နယ်နှင့်တိုင်းအားလုံး၌ ပေ ၁၈၀ အထက် တံတားပေါင်း ၁၆၅ စင်း တည်ဆောက်ပြီးဖြစ်သည်။ ဧရာဝတီတိုင်းအတွင်း တည်ဆောက်ပေးပြီးဖြစ်သည့် တံတား ၃၉ စင်းအတွက် သုံးစွဲခဲ့ရသည့်ငွေကြေးသည် ငွေကျပ်သန်း ၁၉၄၂၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော် သုံးစွဲကျခံခဲ့သည်။ **(သတင်း-ကျော)**

ပြည်ပအသံလွှင့်ဌာနတွေ ယိုးစွပ်ပုတ်ခတ်မှုကြောင့် အချိန်ယူတည်ဆောက်ထားခဲ့တဲ့ နားလည်ယုံကြည်မှုဆုံးရှုံးရပြီ

ပြည်ပအသံလွှင့်ဌာနတွေရဲ့ မီးလောင်ရာ လေပင့် မဟုတ်မမှန်၊ မတော်မတရားယိုးစွပ် ပုတ်ခတ်မှုတွေကြောင့် ကျွန်တော်တို့ပါတီနဲ့ အစိုးရတို့အကြား အချိန်ယူတည်ဆောက် ထားခဲ့ရတဲ့ အပြန်အလှန် နားလည်ယုံကြည်မှု အခြေအနေ အလားအလာကောင်းတွေမှာ အကျိုးမဲ့ အကျိုးကြောင်းထင်လာတာဟာ နှမြောစရာကောင်းတဲ့ ဆုံးရှုံးမှုတစ်ခု ဖြစ်သွားပါပြီ။ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ဖြစ်စဉ်တွေကို ယထာဘူတကျကျ သုံးသပ်ကြည့်မယ်ဆိုရင် 'အန်တီစု'အနေနဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီး ပြည်တွင်းပြည်ပမှာ အထိတ်တလန့်နဲ့ အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာစေဖို့ အစိုးရအပိုင်းက 'အင်န်အယ်လ်ဒီ' ပါတီအပေါ် မတရား ဖိနှိပ်ချုပ်ချယ်မှုတွေ ပြုနေသယောင် နိုင်ငံတကာအသိုက်အဝန်းက ထင်မြင်ယူဆသွားအောင်၊ တည်ငြိမ် အေးချမ်းနေရာက ထိပ်တိုက်ရင်ဆိုင်ရတဲ့ ပြဿနာတွေ ပေါ်ပေါက်လာအောင် ကြိုတင် အစီအမံ အခင်းအကျင်းတွေနဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာမျိုး ဟုတ် မဟုတ် ဆိုတာကိုတော့ 'အန်တီစု'ပဲ အသိဆုံးဖြစ်ပါလိမ့်မယ်။

(စာမျက်နှာ-၈၊ မောင်ရင်မှိုင်း၏ဆောင်းပါးမှ)

ယနေ့ထုတ်စောင်ရေ ၂၁၂၈၄၉



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး တည်ငြိမ်အေးချမ်းမှုမပျက်ယွင်းစေရန်ကာကွယ်ထိန်းသိမ်း

ယနေ့နိုင်ငံတကာအခြေအနေကိုကြည့်လျှင်အယူအဆရေး၊ လူ့အခွင့်အရေး၊ဘာသာရေး၊ လူမျိုးစုအရေး အကြောင်း အမျိုးမျိုးပေါ်တွင်ဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲမှုများကိုအခြေခံပြီး မြှောက်ပင့်အားပေးမှု၊ ချီးမြှောက်မှု၊ ဖိအားပေး အကျပ်ကိုင်မှု၊ ဆန့်ကျင်ပိတ်ဆို့မှုစသည့်ခွဲခြားဆက်ဆံမှုအမျိုးမျိုး လုပ်ဆောင်နေကြသည်ကို တွေ့ရမည် ဖြစ်သည်။

ချီးမြှောက်မှု၊ ပိတ်ဆို့မှုအမျိုးမျိုး၏ အရင်းခံကိုကြည့်လျှင် မိမိတို့၏အမျိုးသားရေးအကျိုးစီးပွားသက်သက်ကိုသာ အခြေခံသည်။ သူတစ်ပါးကိုကူညီပံ့ပိုးရေးထက် မိမိတို့၏အမျိုးသားရေးအကျိုးစီးပွားကိုသာ ဦးစားပေးလုပ်ဆောင် နေကြခြင်း ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားလျက်ရှိသည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်းအခမ်းအနားကို ဇူလိုင်လ၅ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

"ယခုတလော နိုင်ငံတကာ ဖြစ်စဉ်ဖြစ်ရပ်တွေကိုကြည့်လျှင်လည်း သူတစ်ပါးကိုအားကိုးပြီး ကယ်တင်ရှင်များ လက်ထဲရောက်မှသာ မိမိနိုင်ငံ အစွမ်းကုန်ကြီးပွားတိုးတက်မည်ဆိုသည့် မျှော်လင့်ချက်များသည် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရသည့်အခါတွင် စိတ်ကူးယဉ်အိပ်မက်လို ပျက်ပြယ်သွားပြီး မိမိနိုင်ငံ၊ မိမိလူမျိုးသာ စစ်ဘေးဒုက္ခ၊ ရောဂါဘယ ဘေးဒုက္ခ၊ ငတ်မွတ် ဆင်းရဲခြင်း ဒုက္ခဆိုသည့် ဘေးဒုက္ခကပ်မျိုးစုံနှင့် ရင်ဆိုင်ခံစားနေကြရသည့် သာဓကများကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီလည်းဖြစ်ကြောင်း"

ထည့်သွင်းပြောကြားသွားသည်။

နိုင်ငံတော်အနေဖြင့် ငြိမ်းအေးချမ်းမြေ့စွာ ဥပဒေဘောင်အတွင်း၌ လုပ်ကိုင်စားသောက် နေထိုင်လိုကြသည့် ပြည်သူများ အန္တရာယ်ကျရောက်မည့်အဖြစ်မျိုးကို မည်သည့်အခါမှအရောက်ခံမည်မဟုတ်ပေ။ အလားတူပင် နှစ်ပေါင်းထောင်ချီပြီး ဥမကွဲသိုက်မပျက် ပေါင်းစည်းနေထိုင်လာခဲ့သည့် တိုင်းရင်းသား ပြည်သူများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးယိုယွင်းမှု၊ ပြည်ထောင်စုကြီးပြိုကွဲမှုအဖြစ်ဆိုးမျိုးသို့ မရောက်အောင် ကာကွယ်တားဆီးကြရမည် ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး၏ပကတိတည်ရှိပိုင်ခွင့်၊ နိုင်ငံနယ်နိမိတ်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အတွက် ထိန်းသိမ်းပိုင်ခွင့်နှင့် သူတစ်ပါးကိုထိခိုက်နစ်နာစေခြင်းမရှိစေဘဲ မိမိတို့၏အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ပိုင်ခွင့်တို့သည် နိုင်ငံတိုင်းအတွက် အခြေခံအကျဆုံးသော အခွင့်အရေးများပင်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အိမ်နီးချင်းကောင်းပီသစေရန် နိုင်ငံတကာတာဝန်ကျေပွန်သော နိုင်ငံဖြစ်စေရန် အမြဲမပြတ်အားထုတ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် သူတစ်ပါးနိုင်ငံ၏ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်သည့် အစဉ်အလာ မရှိခဲ့ပေ။ မိမိနိုင်ငံ၏ပြည်တွင်းရေးကိုလည်းမိမိဘာသာ မိမိပြည်သူများ၏အကျိုးစီးပွား မထိခိုက်စေရန် သတိကြီးစွာ ထားပြီး ငြိမ်းချမ်းစွာအဖြေရှာသည့်နည်းဖြင့်သာ အကြိမ်ကြိမ်ဖြေရှင်းနိုင်ခဲ့သည်။

မိမိနိုင်ငံအတွင်း၌လည်း တစ်ချိန်က လက်နက်ကိုင်ဆန့်ကျင်ခဲ့သည့် အဖွဲ့အစည်းများကိုပင် သွေးရင်းသားချင်း စိတ်ဓာတ်ထားရှိပြီး ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေး ပြန်လည်တည်ဆောက် ထားနိုင်ခဲ့ပြီးဖြစ်သည်။

ယနေ့အချိန်အခါသည် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှု များကို ထိန်းသိမ်းမြှင့်တင်ပြီး အရှိန်အဟုန်ရစပြုနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသား စီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ကြိုးပမ်းမှုများကို ဇောက်ချဆောင်ရွက်ကြရမည့် အချိန်ကာလဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဖန်တီးသူများ၏ ကြိုးပမ်းမှုအန္တရာယ်ကိုလည်း ကြိုတင်တားဆီးကြရမည် ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာမှုနှင့် ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှုသည်သာ ပြည်သူများအတွက် ရေရှည်တည်တံ့သည့် အေးချမ်းသာယာမှုကို ဖြစ်ထွန်းစေမည် ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကဲ့သို့ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ လက်တွေ့ခံစားနေကြရသည့် အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံနှင့် လူမျိုး၏အနာဂတ် ထွန်းလင်းတောက်ပ စေရန်နှင့်ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရန်အတွက် ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု မပျက်ယွင်းအောင် ကာကွယ်ထိန်းသိမ်းရာတွင် တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်ပြီး တက်ညီလက်ညီ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာရေးကိစ္စဟူသမျှ ဖြေရှင်းဆောင်ရွက်ပေးနေရသော သံဃာ့အဖွဲ့အစည်းကြီးဖြစ်

ရန်ကုန် ဇူလိုင် ၆

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေး၌ မိန့်ကြားတော် မူအပ်သော ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတမဟာထေရ်မြတ်၏ သာရဏီယသြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီ ပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား...

ဆရာတော်အရှင်မြတ်တို့ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် သာသနာတော်အရေးကို အလေးဂရုပြုကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရသည့်အတွက် နှစ်သက်ရွှင်လန်းဝမ်းမြောက်ကြည်နူးလျက် သာသနာတော် အတွက် အားတက်မိပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ သာသနာရေးကိစ္စဟူသမျှတို့ကို ဖြေရှင်းဆောင်ရွက်ပေးနေရသော သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ပြည်သူအများစု၏ ချစ်ခင်ထိုက်၊ မြတ်နိုးထိုက်၊ အလေးဂရုပြုထိုက်၊ ချီးမွမ်းထိုက်သော ပိယ၊ မနာပ၊ ဂရု၊ ဘာဝနီယ ပုဂ္ဂိုလ်များဖြစ်အောင် သတိသမ္ပဇဉ် အမြဲယှဉ်နေတော်မူကြရန် လိုအပ်လှပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- သီတင်းသုံးဖော်တို့ မချစ်ခင်ထိုက်၊ မမြတ်နိုးထိုက်၊ အလေးဂရုမပြုထိုက်၊ မချီးမွမ်းထိုက်သော အပ္ပိယ၊ အမနာပ၊ အဂရု၊ အဘာဝနီယဖြစ်သောပုဂ္ဂိုလ်နှင့်သီတင်းသုံးဖော်တို့ ချစ်ထိုက်၊ မြတ်နိုးထိုက်၊ အလေးဂရုပြုထိုက်၊ ချီးမွမ်းထိုက်သော ပိယ၊ မနာပ၊ ဂရု၊ ဘာဝနီယဖြစ်သော ပုဂ္ဂိုလ်နှစ်မျိုးနှစ်စားကို ခွဲခြား၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပဌမပိယသုတ်၊ ဒုတိယပိယသုတ် ဒေသနာတော်များကို အရှင်မဟာကဿပ ထေရ် အမှူးရှိသော သင်္ဂါယနာတင် ရဟန္တာမဟာထေရ်တို့က အင်္ဂုတ္တရနိကာယ၊ သတ္တကနိပါတ်၌ သင်္ဂါယနာ တင်တော်မူခဲ့ကြပါသည်ဘုရား။

ထိုဒေသနာတော်လာ ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် ဤသာသနာတော်၌(၁) ပစ္စည်းလာဘ်ကိုလိုလားမှု=လာဘကာမ၊ (၂)အရိုအသေပြုခြင်း = ပူဇော်သက္ကာရကိုလိုလားမှု = သက္ကာရကာမ၊ (၃)သူတစ်ပါးတို့ အထင်သေးမခံရခြင်း= အထင်ကြီးခံရခြင်း=ကျော်ကြားခြင်းကိုလိုလားမှု=အနဝညတ္တိကာမ၊ (၄)ဒုစရိုက်ကို မစက်ဆုပ်မှု-မရှက်မှု= အဟိရိက၊ (၅)ဒုစရိုက်ကြောင့် မကြောက်လန့်မှု=အနောတ္တပ္ပီ၊ (၆) ယုတ်မာသော အလိုရမ္မက်ရှိမှု=ပါပိစ္ဆ၊ (၇)မှားယွင်းသော အယူရှိမှု=မိစ္ဆာဒိဋ္ဌိ= ဤတရားခုနစ်ပါးနှင့်ပြည့်စုံသောရဟန်းသည် သီတင်းသုံးဖော်တို့၏ မချစ်ခင်ထိုက်၊ မမြတ်နိုးထိုက်၊ အလေးဂရုမပြုထိုက်၊ မချီးမွမ်းထိုက်သော အပ္ပိယ၊ အမနာပ၊ အဂရု၊ အဘာဝနီယပုဂ္ဂိုလ်ဖြစ်ပါသည်။

ဤသာသနာတော်၌(၁)ပစ္စည်းလာဘ်ကိုမလိုလားမှု=နလာဘကာမ၊ (၂) အရိုအသေပြုခြင်း=ပူဇော်သက္ကာရကို မလိုလားမှု=နသက္ကာရကာမ၊ (၃)သူတစ်ပါးတို့ အထင်သေးမခံရခြင်း=အထင်ကြီးခံရခြင်း=ကျော်ကြားခြင်းကို မလိုလားမှု=နအနဝညတ္တိကာမ၊ (၄)ဒုစရိုက်ကိုစက်ဆုပ်ခြင်း=ရှက်ခြင်းရှိမှု=ဟိရိမာ၊ (၅)ဒုစရိုက်ကြောင့် ကြောက်လန့် ခြင်းရှိမှု=ဩတ္တပ္ပီ၊ (၆)လိုချင်မက်မောခြင်းမရှိမှု=အပ္ပိစ္ဆ၊ (၇) မှန်ကန်သောဉာဏ်အမြင်ရှိမှု=သမ္မာဒိဋ္ဌိ=ဤတရား ခုနစ်ပါးနှင့်ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဖော်တို့ ချစ်ခင်ထိုက်၊ မြတ်နိုးထိုက်၊ အလေးဂရုပြုထိုက်၊ ချီးမွမ်း ထိုက်သော ပိယ၊ မနာပ၊ ဂရု၊ ဘာဝနီယပုဂ္ဂိုလ်ဖြစ်ပါသည်။

ဒုတိယပိယသုတ်၌မူ-အပ္ပိယ၊ အမနာပစသည်ဖြစ်ကြောင်း တရားခုနစ်ပါးတို့တွင် (၆)ပါပိစ္ဆ (၇)မိစ္ဆာဒိဋ္ဌိတို့ အရာ၌(၆)သူတစ်ပါးတို့ လာဘ်ပေါ်များခြင်း၊ တရိုတသေ ပြုစုချီးမြှောက်ခံရခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း စသည်တို့၌ ငြူစူမှု-ဣဿုကီ၊ (၇)အာဝါသ၊ ကုလ စသည်တို့၌ ဝန်တိုမှု=မစ္ဆရီတို့ကိုလည်းကောင်း၊ ပိယ၊ မနာပ စသည်ဖြစ်ကြောင်း တရားခုနစ်ပါးတို့တွင် (၆)အပ္ပိစ္ဆ (၇)သမ္မာဒိဋ္ဌိတို့အရာ၌(၆)သူတစ်ပါးတို့ လာဘ်ပေါ်များခြင်း၊ တရိုတသေ ပြုစုချီးမြှောက်ခံရခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်း စသည်တို့၌ မငြူစူမှု= အနိဿုကီ၊ (၇)အာဝါသကုလ စသည်တို့၌ ဝန်မတိုမှု=အမစ္ဆရီတို့ကို လည်းကောင်း ထည့်သွင်း၍ ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား- ဘုရားတပည့်တော်တို့၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ် တို့သည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်းရှင်လူပြည်သူအများစု၏ ချစ်ခင်ထိုက်သော ပိယပုဂ္ဂိုလ်၊ မြတ်နိုးထိုက် သော မနာပပုဂ္ဂိုလ်၊ ရိုသေလေးစားထိုက်သော ဂရုပုဂ္ဂိုလ်၊ ချီးမွမ်းထိုက်သော ဘာဝနီယပုဂ္ဂိုလ်များ ဖြစ်တော်မူကြမှသာ ဘုရားတပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာ့ကိစ္စဟူသမျှတို့ အောင်မြင်ပြီးမြောက်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်မြတ်တို့သည် နိုင်ငံတော် တစ်ဝန်းလုံးရှိ ရဟန်းရှင်လူ ပြည်သူအများစု၏ ချစ်ခင်ထိုက်သော ပိယ ပုဂ္ဂိုလ်၊ မြတ်နိုးထိုက်သော မနာပ ပုဂ္ဂိုလ်၊ ရိုသေလေးစားထိုက်သော ဂရု ပုဂ္ဂိုလ်၊ ချီးမွမ်းထိုက်သော ဘာဝနီယ ပုဂ္ဂိုလ်များဖြစ်အောင် လာဘ်ကို မလိုလားမှု= နလာဘကာမ၊ အရိုအသေပြုခြင်း ပူဇော်သက္ကာရကိုမလိုလားမှု= နသက္ကာရကာမ၊ သူတစ်ပါးတို့အထင်သေး မခံရခြင်း= အထင်ကြီးခံရခြင်း=ကျော်ကြားခြင်းကို မလိုလားမှု=နအနဝညတ္တိကာမ၊ ဒုစရိုက်ကို စက်ဆုပ်ခြင်း= ရှက်ခြင်းရှိမှု=ဟိရိမာ၊ ဒုစရိုက်ကြောင့် ကြောက်လန့်ခြင်းရှိမှု=ဩတ္တပ္ပီ၊ လိုချင်မက်မောခြင်း မရှိမှု=အပ္ပိစ္ဆ၊ မှန်ကန်သော ဉာဏ် အမြင်ရှိမှု=သမ္မာဒိဋ္ဌိ၊ သူတစ်ပါးတို့ လာဘ်ပေါ်များခြင်း=တရိုတသေပြုစု ချီးမြှောက်ခံရခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်းစသည်တို့၌ မငြူစူမှု= အနိဿုကီ၊ အာဝါသ၊ ကုလ စသည်တို့၌ ဝန်မတိုမှု=အမစ္ဆရီဟူသော တရားတို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်တော်မူကြပါရန် တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယ သြဝါဒကထာကို နိဂုံးကမ္ဗတ် အဆုံးသတ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၆

နှစ်ပေါင်း၂၀ ကျော် ရဟန်းရှင်လူ ပြည်သူများ၏ယုံကြည်မှုကို ခိုင်မြဲစေခဲ့သော ယုန်နီဝါဆိုသင်္ကန်းများကို ယုံကြည်မှုသဒ္ဓါအစဉ်တိုးပွားစေသော ယုန်နီသင်္ကန်းတိုက် အမှတ် ၇၁၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၅၂၄၅၅၀သို့ ဆက်သွယ်ဝယ်ယူ နိုင်ကြောင်း သိရသည်။ **(က-ပ)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကိုဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အောင်တံခွန်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ စံပြအရောင်းဆိုင်ဖွင့်ပွဲကို ဇူလိုင် ၄ရက်က ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းနှင့် အသင်းဥက္ကဋ္ဌ ဦးလှိုင်မောင်၊ မြို့နယ်သမဝါယမဦးစီး အရာရှိ ဦးသန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

လက်တွေ့အသုံးချ လျှပ်စစ်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၆

စိတ်ပါဝင်စားသော လူငယ်များ အတွက် ဝါရင့်ကျွမ်းကျင် လက်ရွေးစင် အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စာတွေ့လက်တွေ့၊ လက်တွေ့ အသုံးချ လျှပ်စစ်သင်တန်း၊ဝါယာရင်း၊မော်တာ ထိန်းသိမ်းမောင်းနှင်နည်းနှင့် ထရန်စဖော်မာမီးအားမြှင့်စက် တည်ဆောက်နည်း၊ Programmable Logic Controls (P.L.C) ရေးဆွဲနည်း စာတွေ့ လက်တွေ့ သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် Elite Engineering Group အမှတ် ၅၁/မြေညီထပ် ၃၈လမ်း (ကမ်းနားလမ်းဘလောက်) ရန်ကုန် ဖုန်း- ၀၁-၂၄၂၂၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်းရှိ ဒဂုံမြို့ဦးကျောင်း ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းအမှတ်(၁)မှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒသမအကြိမ် မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၆ ရက်နံနက်ပိုင်း၌ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ စည်ပင်သာယာရေး ဓမ္မာရုံ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❐ ရွှေကျင်နိကာယမှ

ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋကမဟာဂန္ထာရုံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ၊ သီရိမင်္ဂလာ မဟာစည်ရိပ်သာ ပဓာန နာယက ဆရာတော် တွံတေးအရှင်ဣန္ဒကနှင့် ပင့်သံဃာတော်များကြွရောက် ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အဖွဲ့ဝင်များ၊ ရိပ်သာယောဂီများနှင့် တပည့်ဒါယကာ ဒါယိကာမများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တစံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အပူဇော်ခံ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသော ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော်ကြီးနှစ်ပါးတို့အား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန် တို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းဒါယကာ သီရိသုဓမ္မဇောတဓရ ဦးစိန်လှဝင်းက ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားသည်။

ယင်းနောက် နိုင်ငံကျော်ဓမ္မကထိက တွံတေးအရှင်ဣန္ဒကက ဂုဏပူဇာဂါထာများဖြင့် ဖတ်ကြား ပူဇော်ပြီး မန္တလေးသိန်းဇော်က ဂုဏပူဇာမင်္ဂလာ ဧကပိုဒ် ရတုဖြင့်လည်းကောင်း၊ တေးသံရှင်ဦးထွန်းရွှေက ဂုဏပူဇာမင်္ဂလာတေးထပ်ဖြင့် လည်းကောင်း သီဆိုပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူး ရန်ကုန်တိုင်းသာသနာရေးမှူး ဦးစံသင်းလှိုင်က အလှူငွေစာရင်း အကျဉ်းချုပ်ကို တင်ပြလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋကမဟာဂန္ထာရုံဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရက အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ တိုင်းမှူးနှင့်ဝန်ကြီးများ၊ မြို့တော်ဝန်နှင့်ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အလှူတော်မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅၁)ရပ်ကွက်မြဝတီမင်းကြီး ၁ လမ်းရှိ ဒဂုံမြို့ဦးကျောင်းသို့ ရောက်ရှိပြီး ပဓာနနာယက ကဆရာတော် ဘဒ္ဒန္တ ညာဏောဒယအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအမှတ်(၁)အပြီးသတ် တည်ဆောက်ရေးနှင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင် စရိတ်များပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

သိက္ခာထပ်မင်္ဂလာပွဲ

ရန်ကုန် ဇူလိုင် ၆

သထုံမြို့ နေမိန္ဒရတောင်ခြေ စိတ္တသုခကြွယ်ကျောင်း ရွှေပုတီးဆရာတော် ဘဒ္ဒန္တဥတ္တမ၏ မွေးနေ့နှင့် သိက္ခာထပ် မင်္ဂလာပွဲကို ဇူလိုင်၁၃ ရက် (ဝါဆိုလပြည့်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်လာကြမည့် ဆရာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းနှင့် တရားတော်နာ ကြွရောက်ရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ရွှေတိဂုံဘုရားလမ်းရှိ စည်ပင်သာယာ ဓမ္မာရုံတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များအား ကျောက်ဆည်အသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် ကျောက်ဆည် အသင်းဝင်များက ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

မေ့ဆေးကျည်ဝင် တောရိုင်းဆင်

❖ မေ့ဆေးကျည်ဝင်၊ တောရိုင်းဆင်သည်
ပျော်ရွှင်ဘဝ၊ ဆိတ်သုဉ်းရ၍
လူကသူ့ကို၊ ဖြစ်လိုသမျှ
လုပ်ပေးရ၏၊ ဘဝသက်တာ
ရှည်ကြာသမျှ၊ သူလုပ်ရသို့
သူကမွေးဖွား၊ ရင်သွေးများနှင့်
မြေးသားစဉ်ဆက်၊ လူ့အတွက်သာ
လုပ်ရရှာသည်၊ ဘယ်ခါလွတ်လမ်း
မျှော်မှန်းမရ၊ သူ့ဘဝ။

❖ ယခုကာလ၊ သမယတွင်
လူလျှင်လူချင်း၊ ပစ်သွင်းလုပ်ကြံ
ကျည်ဆန်ပမာ၊ မီဒီယာ၏
ဘယာမေ့ဆေး၊ ဒုက္ခပေးခြင်း
ပြုလုပ်ခြင်းကို၊ ကိုယ်တွင်းဓာတ်ခံ
ခုခံစွမ်းအား၊ ရှိမထားလျှင်
ပမာဆင်အလား၊ ရင်သွေးများနှင့်
မြေးသားစဉ်ဆက်၊ ရှုန်းကန်လျက်ဖြင့်
ကျွန်သက်ရှည်ကြာ၊ ခံရပါလိမ့်။

❖ ခိုင်မာမြဲမြံ၊ ကိုယ်ခံစွမ်းအား
အရေးသုံးပါး
ရှိထားမြဲမပြတ်။

❖ ဘယာကဲလှုံ့၊လုပ်ကြံစကား
ထောင်ချောက်များ
ဖယ်ရှား သတိချပ်။ ။

ပုံလွှား

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၈၂၀) နေ ဦးရင်မောင်၊ သားသမီးမြေးတစ်စုတို့က ကွယ်လွန်သူဇနီး ဒေါ်ခင်သိန်းအားရည်စူး၍ ဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဒုတိယဗိုလ်မှူးကြီးသက်တင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဟွန်းသံကင်းမဲ့ဇုန်များထပ်မံတိုးချဲ့သတ်မှတ်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်မြို့တွင်းရှိ ခြောက်မြို့နယ်အတွင်း၌ ဟွန်းသံကင်းမဲ့ ဇုန်အဖြစ် ၂၀၀၃ခုနှစ် ဧပြီ၂၂ရက်တွင် စတင်သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း မရမ်းကုန်းမြို့နယ်၊ ဒဂုံမြို့နယ်နှင့် ဗဟန်းမြို့နယ်တို့ကို ထပ်မံတိုးချဲ့၍ ဟွန်းသံကင်းမဲ့ဇုန်အဖြစ် ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ ပညာပေးကာလဟု သတ်မှတ်၍ ယင်းနေ့နောက်ပိုင်းမှစတင်ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်သဖြင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်းများမှာ စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ကြသည်ဟု သိရှိရသည်။ သို့ဖြစ်၍ အဆိုပါ မြို့နယ်များအပြင် ဆိပ်ကမ်းမြို့နယ်၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့ကိုလည်း ဟွန်းသံကင်းမဲ့ဇုန်အဖြစ် ထပ်မံတိုးချဲ့၍ ဇူလိုင်၅ရက်မှ ၃၁ရက်အထိ ပညာပေး ကာလအဖြစ် သတ်မှတ်ပြီး ယင်းနေ့ နောက်ပိုင်းမှ စတင်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်သွား မည်ဖြစ်သည်။

ထို့ကြောင့် ယာဉ်မောင်းများအနေဖြင့် ဟွန်းသံကင်းမဲ့ဇုန်အတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် ယာဉ်တိုက်မှုမဖြစ်စေရန် အတွက်လည်း သတိပြုမောင်းနှင်ကြပါရန် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အီရတ်၌ မိနစ်တိုင်း မိနစ်တိုင်း ရိက္ခာတင်ထရပ်ကားတစ်စီးနှုန်းပေးပို့နေရ ရိက္ခာအကူအညီပေးပို့မှု သမိုင်းတွင် အကြီးကျယ်ဆုံးဖြစ်

ဂျီနီဗာ ဇူလိုင် ၅

အီရတ်နိုင်ငံ၌ ရိက္ခာအကူအညီပေးရေးလုပ်ငန်းကို ဖွန်လတစ်လလုံး မိနစ်တိုင်း မိနစ်တိုင်း ရိက္ခာတင်ထရပ်ကားတစ်စီးနှုန်းဖြင့် ပို့ပေးခဲ့ရာ အီရတ်နိုင်ငံ၏ ရိက္ခာအကူအညီပေးရေးလုပ်ငန်းသည် သမိုင်းတွင် အကြီးကျယ်ဆုံးလုပ်ငန်းကြီးတစ်ရပ် ဖြစ်လာသည်ဟု ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က သောကြာနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂ၏ အီရတ်စားနပ်ရိက္ခာအတွက် ရေနံအစီအစဉ်မှ အများ ဆုံးငွေကြေးထောက်ပံ့ဆောင်ရွက်နေသည့် ရိက္ခာဖြန့်ဖြူးရေးလုပ်ငန်းများကို အီရတ်ပြည်သူ ၂၇ သန်းအားကျွေးမွေးပြုစုနိုင်ရေးအတွက် အောက်တိုဘာလကုန်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဒဗလျူအက်ဖ်ပီ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး ဂျိန်းဂျက်ခရစ်စီက သတင်းစာ ရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

မိမိတို့သတိပြုမိသည်မှာ ယခုအချိန်အထိ အီရတ်နိုင်ငံသို့ ပို့ပေးနေရသည့် ရိက္ခာသည် ယခင်ယခင်ကနှင့်စာလျှင် အများဆုံးဖြစ်သည် ဆိုသည့်အချက်ပင်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

အီရတ်ပြည်သူ ၆၀ ရာခိုင်နှုန်းခန့်သည် အီရတ်စစ်ပွဲမတိုင်မီကပင်လျှင် ဒဗလျူအက်ဖ်ပီ ရိက္ခာအကူအညီကို လုံးဝမှီခိုအားထားနေခဲ့ကြရကြောင်းဖြင့်လည်း ဒဗလျူအက်ဖ်ပီက ပြောသည်။

ဆန်၊ ပဲ၊ ဟင်းရွက်ဆီ၊ ဆား၊ လက်ဖက်ခြောက်၊ သကြားတို့အပြင် ဆပ်ပြာနှင့် အဝတ်အထည် အရောင်ချွတ်မှုန့်တို့အပါအဝင် ဖွန်လအတွင်း ထောက်ပံ့မှုပမာဏမှာ တန်ချိန် ၇၆၀၀၀၀ သို့မဟုတ် တစ်နာရီလျှင် တန်၁၀၀၀ ရှိကြောင်းဖြင့်လည်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းများ

စောင့်ကြပ်လျက်ရှိ

ဇွန် ၅ရက်က အီရတ်သမ္မတနန်းတော်ရှေ့တွင် အီရတ်ပြည်သူများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ရိုင်ဖယ်သေနတ်ထိပ်တွင် လှံစွပ်တပ်ဆင်ပြီး အသင့်အနေအထားဖြင့် စောင့်ကြပ်လျက်ရှိစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကို ဆန့်ကျင်တိုက်ခိုက်မှုများ အဆက်မပြတ် အီရတ်တို့၏ ခုခံမှုများ ပိုမိုစနစ်တကျရှိလာ

ဘဂ္ဂဒက် ဇူလိုင် ၅

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်မှုများ အဆက်မပြတ်ဖြစ်ပွားနေပြီး နေ့ခင်းကြောင်တောင်၌ပင် ဘဂ္ဂဒက်မြို့အတွင်း တိုက်ခိုက်မှုများ ပြောင်ပြောင်တင်းတင်းပြုလုပ်လာကြသဖြင့် စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်လာကြောင်း၊ အီရတ်သို့ သုံးရက်ကြာ သွားရောက်လည်ပတ်ခဲ့သည့် အမေရိကန်လွှတ်တော်အမတ်များကမူ ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် ပြဿနာရပ်များကို ဖြေရှင်းရန် အချိန်မရှိတော့ကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ တိုက်ခိုက်မှုများသည် ဆက်ဒမ်ဟူစိန်သက်ရှိထင်ရှား ရှိနေသည်ဆိုသည့်အချက်ကြောင့် ပြောက်ကျားစနစ်ကို အားဖြည့်ပေးသလိုဖြစ်နေသည်ဟု အမေရိကန်တို့က ယူဆသည့်အတွက် ဆက်ဒမ်နှင့်သားနှစ်ဦးအကြောင်း သတင်းပေးပါက ဆုငွေများပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အီရတ်ရှိ အမေရိကန်တပ်မှူးက ပြောက်ကျားစနစ်ကို တုံ့ပြန်ရန် တပ်ကူမလိုကြောင်း ပြောကြားသော်လည်း စစ်ကြောင့် စိတ်ဓာတ်ကျဆင်းနေသောတပ်ဖွဲ့များအနေဖြင့် အစားထိုးရန် လိုအပ်ကြောင်း၊ အမေရိကန်တို့အနေဖြင့် ရုရှား၊ ပြင်သစ်စသည့်နိုင်ငံများ နှင့်ကုလသမဂ္ဂသို့ အကူအညီတောင်းခံရန်လိုအပ်လာပြီဖြစ်ကြောင်း လွှတ်တော်အမတ်များက ပြောကြားခဲ့သည်။

ခက်ခဲမည်

လွှတ်တော်အမတ်များကအီရတ်တို့၏ ခုခံမှုများသည် ပိုမိုစနစ်တကျရှိလာပြီး ဗဟိုစုစည်းမှုရှိသည့် ခုခံမှုပုံသဏ္ဍာန်ဖြစ်ကာ ယင်းတို့ကို နှိမ်နင်းရန် ခက်ခဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

(စီအင်န်အင်န်)

ခြိမ်းခြောက်

ဇူလိုင် ၅ရက်က အမေရိကန်စီမံခန့်ခွဲရေးရုံး အဆောက်အအုံအဓိကဝင်ပေါက်ရှေ့တွင် ဆန္ဒပြလျက်ရှိသော အီရတ်ပြည်သူများကို အမေရိကန် တပ်ဖွဲ့ဝင်များက လက်နက်များဖြင့် ခြိမ်းခြောက်လူစုခွဲလျက်ရှိစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့်အတူ အီရတ်၌ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံကြီးများဖြစ်သည့် ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့ လိုလိုလားလားမရှိ

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရန်အတွက် စစ်သည် ၂၃၀၀ ကို ပိုလန်နိုင်ငံက စေလွှတ်မည်ဖြစ်သည်။ ယူကရိန်းနိုင်ငံက စစ်သည် ၁၈၀၀ ပို့ပေးမည်ဟု ကတိပြုထားသည်။ ယခုအခါ အီရတ်နိုင်ငံတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် မက်ဆီဒိုးနီးယားနှင့် အယ်လ်ဘေးနီးယားစစ်သည်အနည်းငယ်စီ ရောက်ရှိနေကြပြီဟု ဆိုသည်။

အမေရိကန်နှင့်အတူ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံကြီးများဖြစ်ကြသည့် ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့ကမူ လိုလိုလားလားမရှိလှပေ။

စစ်ပွဲပြီးဆုံးသွားပြီးနောက်ပိုင်းတွင် အီရတ်နိုင်ငံဆိုင်ရာ လုပ်ငန်းများ၌ ကုလသမဂ္ဂကို အရေးပါသောနေရာမှ ပါဝင်ဆောင်ရွက်ရန် ခွင့်ပြုမည့်ကိစ္စကို အမေရိကန်က ပစ်ပယ်ခဲ့သည်။ ထိုသို့ မပြုလုပ်ရန် မဟာမိတ်နိုင်ငံများက ကန့်ကွက်နေသည့်ကြားမှ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ယခုအခါ အမေရိကန်တပ်များသည် အီရတ်တို့၏ ဆန့်ကျင်တိုက်ခိုက်မှုများကို တိုး၍ ရင်ဆိုင်နေရပြီးဖြစ်၍ အီရတ်၏ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်နိုင်ငံစုံမှ တပ်များ အကူအညီပေးရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ အီရတ်တွင် အမေရိကန်တပ်များချည်းသက်သက် ရှိနေခြင်းကြောင့် အမေရိကန်က ကိုလိုနီ ပြုလုပ်ထားသည်ဟု ထင်မြင်စေမည်ဖြစ်သည်။ နိုင်ငံစုံတပ်များ ရှိနေခြင်းဖြင့် ထိုအမြင်ကို လျော့ပါးစေနိုင်သည်ဟု မျှော်လင့်သည်။ ယခုအခါ အီရတ်နိုင်ငံတွင် အမေရိကန်တပ်သား ၁၅၀၀၀၀ခန့်နှင့် ဗြိတိန်တပ်သား ၁၂၀၀၀ တပ်စွဲထားကြသည်။

(အင်တာနက်)

တရုတ်ပြည်တွင်မိုဘိုင်းဖုန်းကုမ္ပဏီစုကြီးထူထောင်မည်

ဘေဂျင်း ဇူလိုင် ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံမြို့တော် ဘေဂျင်းမြို့အနောက်မြောက်ပိုင်းရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆီလီကွမ်တောင်ကြားဟု လူသိများသည့်ချောင်ဂွမ်ကွမ် သိပ္ပံနှင့်နည်းပညာစခန်းတွင် အဆင့်မြင့်နည်းပညာကုမ္ပဏီ ၁၆ ခုတို့က မိုဘိုင်းဖုန်းလုပ်ငန်း ကုမ္ပဏီစုကြီးတစ်ခုထူထောင်မည့် ကန်ထရိုက်စာချုပ်များကို သောကြာနေ့က လက်မှတ်ရေးထိုးချုပ်ဆိုကြသည်ဟု သတင်းရရှိသည်။

ယင်းမိုဘိုင်းဖုန်းကုမ္ပဏီစုကြီးတွင် သုတေသနနှင့်တီထွင်မှုလုပ်ငန်း၊ ဒီဇိုင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုလုပ်ငန်းတို့အပါအဝင် စက်ရုံလုပ်ငန်းအလုံးစုံကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့်လည်း သိရသည်။

ချောင်ဂွမ်ကွမ်ရှိ စီးပွားရေးလုပ်ငန်းများသည် မိုဘိုင်းဖုန်းနည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းတွင် အောင်မြင်မှုအများအပြားရရှိထားပြီးဖြစ်ကြောင်း၊ ထိုအခြေအနေကြောင့် မိုဘိုင်းဖုန်းဆိုင်ရာ အဆင့်မြင့်နည်းပညာထုတ်ကုန်များထုတ်လုပ်မည့် ကုမ္ပဏီစုကိုထူထောင်နိုင်သည့်အခွင့်အလမ်းများ ရရှိသွားစေကြောင်းဖြင့်လည်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်လေကြောင်းလိုင်းပြန်ဖွင့်မည်

ဟနွိုင်း ဇူလိုင် ၅

SARSရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးခဲ့ရမှုကို နဂိုအတိုင်း ပြန်လည်ဖြစ်လာစေရန် ယခုနှစ်အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဗီယက်နမ်လေကြောင်းလိုင်းကို မကြာမီ ကမ္ဘောဒီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံသို့ ပျံသန်းရန် စီစဉ်လျက်ရှိသည်။

ဗီယက်နမ်လေကြောင်းလိုင်းသည် ဟနွိုင်းမှ ကမ္ဘောဒီးယားဆီအမ်ရိသို့ ဇူလိုင်၂၅ရက်မှစတင်၍ တစ်ပတ်လျှင်သုံးကြိမ် ပျံသန်းမည်ဟု သက်ဆိုင်ရာက ပြောကြားသည်။ ပျံသန်းမှု ခရီးစဉ်အသစ်အဖြစ် ဟိုချီမင်းမြို့နှင့် ဂျပန်နိုင်ငံ ဖူကူအိုကာသို့လည်း စက်တင်ဘာ ၁၈ ရက်မှစ၍ ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်ကို ဆူပူသောင်းကျန်းမှု သံသရာထဲအမေရိကန်တို့ဆွဲသွင်းခဲ့ ရှီးယားဘာသာရေးအုပ်စု ခေါင်းဆောင်ပြစ်တင်ရှုတ်ချ

ဘဂ္ဂဒက် ဇူလိုင် ၅

ရှီးယားဘာသာရေးအုပ်စုမှ ထင်ရှားသောခေါင်းဆောင်က အမေရိကန်ဘုရှ်အစိုးရသည် အီရတ်နိုင်ငံရေးအုပ်စုများထံ အာဏာလွှဲပေးမည်ဟု ကတိပြုထားခဲ့သော်လည်း စကားမတည်ဘဲ ထိုကတိကိုဖျက်ခဲ့သည်ဟု စွပ်စွဲလိုက်သည်။

ရှီးယား အစ္စလာမ်တော်လှန်ရေးကောင်စီအဖွဲ့ချုပ်မှ ဟာမစ်အယ်လ်ဘာရာတီက အမေရိကန်များသည် အီရတ်နိုင်ငံ၌ ဆက်ဒမ်အစိုးရပြုတ်ကျသွားပြီးနောက် နိုင်ငံကိုလုံခြုံအောင် မဆောင်ရွက်နိုင်ဘဲ အီရတ်နိုင်ငံကို ဆူပူသောင်းကျန်းမှု သံသရာထဲသို့သာ ဆွဲသွင်းခဲ့သည်ဟု ပြစ်တင်ပြောကြားခဲ့သည်။

၎င်းက လန်ဒန်မြို့တွင် အေပီသတင်းဌာနနှင့်တွေ့ဆုံရာ၌ အီရတ်တွင် အစိုးရအပြောင်းအလဲ ဖြစ်ပြီးလျှင် အီရတ်ပြည်သူများအား အုပ်ချုပ်ခွင့်ပေးမည်ဟု ကတိစကားဆိုခဲ့သော်လည်း ထိုကတိမှာဖြစ်မလာဘဲ အခြေအနေမှာဝေးလျက်ရှိသည်ဟုထုတ်ဖော်ပြောဆိုခဲ့သည်။

အယ်လ်ဘာရာတီ၏ မှတ်ချက်သည် အမေရိကန်၏ မဟာမိတ်များအထဲမှ ဝေဖန်မှုပေးကြရာ၌ အပြင်းထန်ဆုံးမှတ်ချက်ပင်ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်တို့က အီရတ်များကို အစိုးရမဖွဲ့မီ အခြေခံဥပဒေရေးဆွဲရန်နှင့်ထိုဥပဒေကို လူထုဆန္ဒခံယူပွဲကျင်းပရန် စီစဉ်လျက်ရှိသည်။ အီရတ်ဘာသာရေးခေါင်းဆောင်များ အနက်သြဇာကြီးသူ အရာတိုဘာအလီဟာဆန်အလီစ္စတန်နီက အထက်ပါအစီအစဉ်ကို ဆန့်ကျင်ရှုတ်ချကြောင်း ဘာသာရေးအမိန့်တစ်ရပ်ကို ဇွန် ၂၉ ရက်က ထုတ်ပြန်ခဲ့သည်။

အီရတ်စစ်ပွဲအတွက်အမေရိကန်တို့ ပြင်ဆင်စီမံနေစဉ်ကာလက အမေရိကန်အထူးကိုယ်စားလှယ် ဇာမေခါလီဇာဒ်က စစ်ပြီးသည်နှင့် အီရတ်ကိုယ်စားလှယ်များအား အာဏာလွှဲပေးမည်ဟု ကတိပေးခဲ့သည်။

သို့သော်ကတိမတည်ခဲ့၍ နောင်အခါ အမေရိကန်များကတိပေးခဲ့လျှင် စာနှင့် ရေးခိုင်းထားရမလိုဖြစ်နေပြီဟု အယ်လ်ဘာရာတီက ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဇူလိုင် ၄ ရက်က ဘဂ္ဂဒက်မြို့ရှိ အမျိုးသားပြတိုက်ရှေ့တွင် သံချပ်ကာတပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အမြောက်တပ်ဆင်ထားသည့် သံချပ်ကာယာဉ်ပေါ်တွင်ထိုင်၍ လုံခြုံရေးစောင့်ကြပ်လျက်ရှိစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကိုသိမ်းပိုက်ထားသည့် အမေရိကန်ဦးဆောင်သည့်အဖွဲ့ ဂျီနီဗာကွန်ဗင်းရှင်းစာချုပ်ပါ အချက်များကို ချိုးဖောက်နေ

ဘဂ္ဂဒက် (အေအက်ဖ်ပီ) ဇူလိုင် ၅

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် သိမ်းပိုက်ရေးတပ် အာဏာပိုင်များသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်သည့်အပြင် ဘဂ္ဂဒက်မြို့အနီးရှိ နျူကလီးယားစက်ရုံတစ်ရုံမှထွက်သည့် အန္တရာယ်ရှိသော ညစ်ညမ်းမှုများကို ကုလသမဂ္ဂကျွမ်းကျင်သူ ပါရဂူများအား စိစစ်သုံးသပ်ခွင့်မပြုဘဲထားကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ဘက် ၁၂ မိုင်(ကီလိုမီတာ ၂၀ ခန့်) အကွာရှိ တူဝေသာနျူကလီးယားစက်ရုံတစ်ဝိုက်ရှိ စာသင်ကျောင်းများနှင့် နေအိမ်များတွင် ရေဒီယိုသတ္တိကြွမှု စိုးရိမ်ရသည့် အဆင့်ရှိနေသည်ကို လေ့လာတွေ့ရှိထားကြောင်း ဖြင့်လည်း အဆိုပါအဖွဲ့က ပြောသည်။

အမေရိကန်ဦးဆောင်သည့် အီရတ်သိမ်းပိုက်ရေး အာဏာပိုင်အဖွဲ့သည် ဂျီနီဗာကွန်ဗင်းရှင်းစာချုပ်များကို ချိုးဖောက်နေကြောင်း၊ အီရတ်ပြည်သူတို့၏ လူထုကျန်းမာရေးဆောင်ရွက်ရမည့် တာဝန်ပျက်ကွက်နေကြောင်း ဖြင့်လည်း အဆိုပါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အကြီးအကဲ မိုက်တွန်စလေက ပြောသည်။

ယင်းဂျီနီဗာကွန်ဗင်းရှင်းတွင် သိမ်းပိုက်ရေးအာဏာနှင့် ပတ်သက်၍ ထမ်းဆောင်ရမည့် ဥပဒေရေးရာ တာဝန်များ ဖော်ပြထားသည့်အပြင် စစ်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အကျဉ်းသားများအား ဆက်ဆံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုပါ ဖော်ပြထားသည်။

အမေရိကန်ဦးဆောင်သည့် အီရတ်သိမ်းပိုက်ရေး အာဏာပိုင်များသည် လောလောဆယ် အရေးတကြီးဖြေရှင်းရမည့် ရေဒီယိုသတ္တိကြွမှုဆိုင်ရာ ကျန်းမာရေး ပြဿနာများကို လျစ်လျူရှုထားသည်ဟုလည်း တွန်စလေက ပြောသည်။

အဆိုပါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရေဒီယိုသတ္တိကြွ ပစ္စည်းများပါဝင်သည့် စည်တစ်ခုကို ဘဂ္ဂဒက်မြို့ရှိ အမေရိကန်ဦးဆောင်သည့် အာဏာပိုင်အဖွဲ့ထံသယ်ယူလာခဲ့ပြီး တင်ပြထားသည်။ ယင်းပစ္စည်းများသည် နျူကလီးယားလောင်စာအသုံးပြုရာ၌ အဓိကအသုံးပြုရသည့် ပစ္စည်းဖြစ်သည်ဟု သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်ယာဉ်တန်းတိုက်ခိုက်ခံရ သေနတ်သမားပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၅

အီရတ်နိုင်ငံတွင်းတွင် စခန်းချလျက်ရှိသော အမေရိကန် တပ်ဖွဲ့များကို တိုက်ခိုက်မှုများ ကြာသပတေးနေ့နှင့် သောကြာနေ့က ထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ အခြား ၁၀ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်ရှိ အခြေစိုက်စခန်းနှစ်ခုထဲမှ တစ်ခုသည် ကြာသပတေးနေ့ညက တိုက်ခိုက်ခံခဲ့ရကာ ဆယ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်ယာဉ်တန်းတစ်ခု ဘဂ္ဂဒက်မြို့၌ လက်ဖြောင့် သေနတ်သမား၏ ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်စစ်တပ်က ပြောကြားခဲ့သည်။

အမေရိကန် စစ်ကားတစ်စီးအား ယမန်နေ့က ပစ်ခတ်ခြင်းခံရကာ ပေါက်ကွဲမှုကြောင့် နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အီရတ်တွင် အဓိကစစ်ပွဲပြီးဆုံးကြောင်း မေလတစ်ရက်က ကြေညာခဲ့ပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင် ၃၀ ခန့် သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

(အင်န်အိပ်ချ်ကေ)

အီရတ်နိုင်ငံတွင် တစ်နေ့(၁၃)ကြိမ်တိုက်ပွဲဖြစ်နေ အမေရိကန်တပ်ဖွဲ့ဝင် ၂၇ ဦးသေဆုံးခဲ့

ဘဂ္ဂဒက် ဇူလိုင် ၅

အီရတ်နိုင်ငံတွင် တိုက်ပွဲကြီးများ ပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစတင်ပြီး အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ တိုးမြင့်လာခဲ့ရာ ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၂၇ ဦး သေဆုံးကြောင်း၊ အမေရိကန်တပ်ဖွဲ့များသည် နေ့စဉ်ပျမ်းမျှ (၁၃)ကြိမ်ခန့် တိုက်ခိုက်ခံနေရပြီး တောင်ပိုင်းအီရတ်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲ၌ ဗြိတိန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့မှုသည် တိုက်ပွဲတစ်ခုအတွင်း အမြင့်မားဆုံး သေဆုံးမှုဖြစ်သည်ဟု သိရသည်။ **(စီအင်န်အင်န်)**

တရုတ်ပြည် ရှန်ဟိုင်းမြို့အနီးတွင် SARSရောဂါ ကူးစက်ဖြစ်ပွားမှုကင်းစင်သည့် အခမ်းအနားတစ်ရပ် ဆင်ယင်ကျင်းပရာ တရုတ်သမီးငယ်တစ်ဦးက ‘နှုတ်ဆက်ပါတယ် SARS’ စာတန်းပါ အသည်းပုံသဏ္ဌာန်ဖော်ထားသော ဖယောင်းတိုင်များကို မီးထွန်းညှိပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်ရေနံနှင့် သဘာဝဓာတ်ငွေ့ တန်ချိန် ၁၀ ဒသမ ၄ သန်း ထုတ်လုပ်နိုင်ခဲ့

ဟန်နွိုင်း ဇူလိုင် ၅

ဗီယက်နမ်နိုင်ငံပိုင် သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း(ပက်ထရိုဗီယက်နမ်)သည် ယခုနှစ် ပထမခြောက်လတွင် ရေနံနှင့် ဓာတ်ငွေ့တန်ချိန် ၁၀ ဒသမ ၄ သန်းထုတ်လုပ်ခဲ့ရာ နှစ်အလိုက်ယှဉ်ကြည့်ပါက ၂၃ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရကြောင်း ဗီယက်နမ်သတင်းဌာနက သောကြာနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ပထမခြောက်လတာ ကာလအတွင်း ရေနံစိမ်းကို ၃ ရာခိုင်နှုန်းတိုး၍ တန်ချိန် ၈ ဒသမ ၆ သန်းအထိ ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် အဆိုပါကော်ပိုရေးရှင်းသည် သဘာဝဓာတ်ငွေ့ကို ကုဗမီတာ ၁ ဒသမ ၃ ဘီလီယံထုတ်လုပ်ကာ လျှပ်စစ်ဓာတ်အားစက်ရုံများသို့ ဖြန့်ဖြူးနိုင်ခဲ့ကြောင်း၊ ယင်းဖြန့်ဖြူးမှုသည် ယခင်ကထက် ၅၅ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ ထိုသို့ ပြည်တွင်းဖြန့်ဖြူးနိုင်ခြင်းသည် ဗီယက်နမ်နိုင်ငံပြည်တွင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သည့် လောင်စာ ၁၇ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်ကြောင်း ၂၀၁၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းအထိ ပေးနိုင်ရန်စီစဉ်ထားကြောင်းဖြင့်လည်း ဖော်ပြထားသည်။

အဆိုပါ ကော်ပိုရေးရှင်းသည် ယနေ့အခါ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁ ဒသမ ၇ ဘီလီယံ၊ သဘာဝဓာတ်ငွေ့ရည်(အယ်ပီဂျီ) တန်ချိန် ၃၅၀၀၀၀၊ လေဆီတန်ချိန် ၁၃၀၀၀၀ ကို နှစ်စဉ်ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇူလိုင် ၄ ရက်က အီရတ်နိုင်ငံ ဘာလက်မြို့ရှိ စစ်ဘက်ဆိုင်ရာ ထောက်ပံ့ရေးဒေသအတွင်း အီရတ်တို့၏ တိုက်ခိုက်မှုရန်မှ ကာကွယ်သည့် အနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ သံဆူးကြိုးများကာရံလျက်ရှိကြစဉ်။ အဆိုပါနေရာကို လွန်ခဲ့သည့်ညက မော်တာဖြင့် တိုက်ခိုက်ခံခဲ့ရပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

မြိုးခြံချော၊ ထိန်းပါလေလှင့်၊ ထုတ်ကုန်မြင့်

အီရတ်နိုင်ငံရှိအမေရိကန်တို့ ထိခိုက်သေကျေမှု ပို၍ပို၍များလာ အီရတ်တို့ ပြောက်ကျားစစ် ဆင်နွှဲနေဟုဆို အမေရိကန်စစ်ရေး စီမံရေးဆွဲသူများ စိုးရိမ်သောကပွား

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်နိုင်ငံအတွင်း၌ ရှိနေသည့် အမေရိကန်တပ်ဖွဲ့များသည် စစ်ပြီး အီရတ်နိုင်ငံတွင် ရန်လိုသည့်တိုက်ခိုက်မှုများကို မျှော်လင့်ထားသည်ထက် ပိုမို ကြုံတွေ့ရင်ဆိုင်ရလျက်ရှိသည်။

ကနဦး စစ်ဆင်ရေးများတွင် အောင်မြင်မှုရရှိခဲ့သော်လည်း ထိခိုက် သေကျေမှုများ မြင့်မားလာခြင်းကြောင့် အမေရိကန်စစ်ရေး စီမံရေးဆွဲသူများ စိုးရိမ်ပူပန်မှုများ ဖြစ်ပွားလာကြောင်း၊ အီရတ်နိုင်ငံတွင် တရားဥပဒေ စိုးမိုး တည်ငြိမ်ရေးရရှိရန် ခက်ခဲကာ အန္တရာယ်ရှိကြောင်း အမေရိကန်များက ပိုမို သိမြင်သဘောပေါက်လာကြသည်။

တိုက်ခိုက်မှုများသည် အမေရိကန်တပ်ဖွဲ့များကို ဆက်လက်စိန်ခေါ်လျက် ရှိကြောင်း၊ အမေရိကန်နိုင်ငံတွင် လတ်တလောကောက်ယူသည့် စစ်တမ်းများ အရ အီရတ်နိုင်ငံ၌ ဖြစ်ပွားလျက်ရှိသည့် အခြေအနေများသည် ဆက်လက်ပြီး ပိုမိုဆိုးရွားလာမည်ဟု ယူဆမှုသည် လွန်ခဲ့သည့်လက ၂၉ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၄၂ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း၊ အီရတ်လူမျိုးအများစုသည် ယင်းတို့ ကိုယ်ပိုင်အစိုးရဖွဲ့စည်းလိုကြကြောင်း၊ အီရတ်နိုင်ငံတွင် ပြောက်ကျား စစ်များ ဆင်နွှဲလျက်ရှိကာ အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်နှင့်ပတ်သက်ပြီး အမေရိကန်အစိုးရက စိုးရိမ်မှုများ ဆက်လက်ရှိနေကြောင်း သတင်းရရှိသည်။

(စီစီတီဗွီ)

အီရတ်ပြည်သူများကို အမေရိကန်တို့ ပစ်ခတ်မှုကြောင့် ခြောက်နှစ်အရွယ် ကလေးတစ်ဦး သေဆုံးခဲ့ရ

ဘဂ္ဂဒက် ဇူလိုင် ၄

ဘာကျူတာမြို့သည် အီရတ်နိုင်ငံ၏အနောက်မြောက်ဘက် ၃၅ မိုင်အကွာတွင် တည်ရှိသည်။ ထိုမြို့ရှိ ထိပ်တန်းရှီးယားဘာသာရေးခေါင်းဆောင်ကို အမေရိကန်စစ်ဘက်က ထိန်းသိမ်းထားခဲ့သည်။ ထိုသို့ထိန်းသိမ်းထားသည်ကို မကျေနပ်သဖြင့် အီရတ်ပြည်သူများက ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြနေစဉ် ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။

အခင်းဖြစ်ပွားနေစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အသက်ခြောက်နှစ် သားအရွယ် ယောက်ျားကလေးတစ်ဦးနှင့် အနီးအနားတွင် ရပ်ကြည့်နေသူတစ်ဦးတို့ သေဆုံးသွားသည်။ ထို့အပြင် အီရတ် သေနတ်သမားတစ်ဦးလည်း သေဆုံးသွားသည်ဟု စစ်ဘက်နှင့် မျက်မြင် အရပ်သူ အရပ်သားများထံမှ သတင်းအရ သိရသည်။

ဘဂ္ဂဒက်မြို့၏ အနောက်ဘက်တွင် အမေရိကန် ထရပ်ကားတစ်စီးကို ပေါက်ကွဲစေတတ်သော ပစ္စည်းထိမှန်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိသွားသည်။ အခြားတစ်နေရာတွင် တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်စစ်ဘက် သတင်းရပ်ကွက်နှင့် မျက်မြင်သက်သေများ၏ ပြောကြားချက်များအရ သိရှိရသည်။

အမေရိကန်သမ္မတဘုရှ်က အီရတ်တွင်ဖြစ်ပေါ်သော တိုက်ခိုက်မှုများကြောင့် အမေရိကန်များက အီရတ်နိုင်ငံအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းတာဝန်များမှ သွေဖည်သွားမည်မဟုတ်ကြောင်း အာမခံစကားပြောကြားခဲ့သည်။ ထိုစကားပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာတွင် အထက်ဖော်ပြပါ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင်၆၀ အကွာ ရာမာဒီမြို့တွင် ကြာသပတေးနေ့က အမေရိကန် ဟမ်းဗီးကားနှစ်စီးပါဝင်သော စစ်ယာဉ်များသည် မိုင်းထိမှန်ခံရရာ တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရသွားကြောင်း စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ တပ်ကြပ်ကြီးမက်ထရစ်ကမ်ထွန်က ပြောကြားသည်။ အဆိုပါနေ့၌ပင် ဘဂ္ဂဒက်မြို့လယ်ကောင်၌ ယာဉ်တန်းကို လက်ပစ်ဗုံးနှင့် အတိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များ ဘာလက်မြို့အနီးတိုက်ခိုက်ခံရ တိုက်ခိုက်မှုသည် သေချာစွာစီစဉ်တိုက်ခိုက်ခဲ့ခြင်းဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၅

ဘဂ္ဂဒက်မြို့မြောက်ဘက် အဝေးပြေးလမ်းမကြီးပေါ်တွင် သောကြာနေ့က အမေရိကန် ယာဉ်တန်းအား ချုံခိုတိုက်ခိုက်သူ အီရတ်လက်နက်ကိုင် ၁၁ ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြသည်။ ချုံခိုတိုက်ခိုက်ခံရသည့် အမေရိကန်စခန်းတစ်ခုကို စိန်ပြောင်းဖြင့် ပစ်ခံရပြီးနောက်ပိုင်း၌ ယင်းသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်သတင်း၌ ဖော်ပြသည်။ အခြားပစ်ခတ်မှုတစ်ရပ်၌ ဘဂ္ဂဒက်ပြတိုက်ကို စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေနတ်ထိမှန် သေဆုံးခဲ့သည်။

အီရတ်လက်နက်ကိုင် ၁၁ ဦးသည် ဒုံးကန်အားသုံး လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် အမေရိကန် ယာဉ်တန်းကို မြို့တော်၏မြောက်ဘက် ၅၅ မိုင်အကွာတွင် တည်ရှိသည့် ဘာလက်မြို့အနီး၌ တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ပွဲတွင် အမှတ်(၄) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ အီရတ်လက်နက်ကိုင်အားလုံး သေဆုံးခဲ့သည်။ အမေရိကန်တို့ အကျအဆုံးမရှိခဲ့ဟု စစ်ဘက်သတင်းများက ဆိုသည်။

ဘာလက်မြို့တွင်ရောက်နေသော အင်န်ဘီစီသတင်းထောက်က အထက်ပါ တိုက်ခိုက်မှုသည် သေချာစွာစီစဉ်လုပ်ဆောင်သော တိုက်ခိုက်မှုတစ်ခုဟု ယူဆရသည်ဟု ဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက လူ ၄၅ ဦးမှ ၅၀ အထိပါဝင်သော ချုံခိုတိုက်ခိုက်မှုအများအပြားကို တွန်းလှန်ပစ်ခဲ့ရသည်ဟု ပြောကြသည်။ ထိုတိုက်ခိုက်မှုများသည် ဘာလက်မြို့မြောက်ဘက် အဝေးပြေးလမ်းမ အမှတ်(၁)ပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရှစ်နာရီခန့်ကြာသည်ဟု ဆိုသည်။

(အင်တာနက်)

တရုတ်ပြည်တွင် မှိုဆိပ်သင့်သေဆုံးသူများပြား မှိုရိုင်းများမစားကြရန် သတိပေးထားရ

ချန်ရှား ဇူလိုင် ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်တွင် လူငါးဦးခန့်သည် ယခုနှစ်နွေရာသီတွင် အဆိပ်ရှိသော မှိုများကို မှားယွင်းစားသောက်မိကြရာမှ သေဆုံးသွားကြောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ကြေညာသည်။

မှိုရိုင်းများကို မစားသောက်ကြရန် ဒေသခံ တောင်သူလယ်သမားများ အထူးသဖြင့် မှိုကြိုက်သူများအား အဆိုပါဦးစီးဌာနက သတင်းထုတ်ပြန် တားမြစ်ထားသည်။

သေဆုံး

ဇွန် ၂၉ ရက်တွင် ရွာအနီးရှိ တောင်ကုန်းတစ်ခုမှ ကောက်ယူခဲ့သည့် မှိုရိုင်းများကို စားသောက်မိရာမှ ရှာအို ယန်းစီးတီးရှိ လယ်သမားကိုးဦး မှိုဆိပ်သင့်ပြီး မအီမသာဖြစ်ကာ ပျို့ခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း တဒင်္ဂအကြောဆွဲခြင်း စသည့်ဝေဒနာများ ခံစားကြရသည်။ ထိုကိုးဦးထဲမှ တစ်ဦးသည် အရေးပေါ် ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေသည့်ကြားက ဇူလိုင် ၁ ရက်တွင် သေဆုံးသွားခဲ့သည်။

မှိုဆိပ်သင့်

ဟန်ယန်းစီးတီးမြို့တွင်လည်း ဇွန် ၁၄ ရက်က အလားတူဖြစ်ရပ်မျိုးကြောင့် ဒေသခံပြည်သူ ၁၁ ဦး မှိုဆိပ်သင့်ပြီး လေးဦးသေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဇူလိုင် ၄ ရက်က တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်(ယာ)နှင့် ဘေဂျင်းမြို့သို့ အလည်အပတ်ရောက်ရှိနေသည့် ဗင်နွာတူနိုင်ငံ ဝန်ကြီးချုပ်နီပါကီအက်ဝပ်နာတာပီတို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေး ကုလသမဂ္ဂအဓိကအခန်းမှပါဝင်ဆောင်ရွက်ရန် အီရတ်ရှီးယားမွတ်စလင်ခေါင်းဆောင် ဟာကင်တိုက်တွန်း

နာဂျက် ဇူလိုင် ၄

နောက်ဆုံးတွင် အမေရိကန်ဦးဆောင်သည့် ကျူးကျော်သိမ်းပိုက်ရေးတပ်များ ထွက်သွားစေမည့် အီရတ်အစိုးရသစ်ဖွဲ့စည်းရေးတွင် ကုလသမဂ္ဂအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ကူညီသင့်ကြောင်း အီရတ်အစ္စလာမ္မစ် တော်လှန်ရေးဦးစီးကောင်စီခေါင်းဆောင်မိုဟာမက်ဘာကာအယ်ဟာကင်(မ်)က နာဂျက်မြို့၌ သောကြာနေ့က ပြောကြားလိုက်သည်။

နာဂျက်မြို့အီမမ်အလီသာသနာ့မြေတွင် ဝတ်ပြုသူများအား အယ်ဟာကင်(မ်)က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။ ဝတ်ပြုသူများကလည်း အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ကြွေးကြော်ကြသည်။

ကုလသမဂ္ဂ အဖွဲ့ကြီးသည် လောလောဆယ်အားဖြင့် အမေရိကန်ဦးဆောင်သော တပ်များနှင့်အီရတ်ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းခေါင်းဆောင်များတွေ့ဆုံညှိနှိုင်းမှုတွင် သုံးပွင့်ဆိုင်အဖြစ်ပါဝင်သင့်ကြောင်း၊ အီရတ်၏အနာဂတ်ရေး၊ အီရတ်၏ကံကြမ္မာနှင့်သိမ်းပိုက်ထားမှုအဆုံးသတ်ရေးနှင့်တကွ အီရတ်အစိုးရဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ကုလသမဂ္ဂအဖွဲ့အနေဖြင့် တတိယပါတီအဖြစ် ပါဝင်ရန်အရေးကြီးကြောင်း အယ်ဟာကင်(မ်)က တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂ၏ အခန်းကဏ္ဍပါဝင်ရေးမှာ အီရတ်အရေးကို အမေရိကန်ဦးဆောင်သည့် သိမ်းပိုက်ထားသောတပ်များ၏ လက်ထဲတွင် ဝကွက်အပ်မထားဘဲ နိုင်ငံတကာအဖွဲ့အစည်း၏ ကြီးကြပ်မှုဖြင့် အီရတ်အရေးကို နိုင်ငံတကာအရေးဖြစ်လာစေရန် ရည်ရွယ်ဖော်ညွှန်းကြောင်း ၎င်းကရှင်းပြသည်။ **(အင်တာနက်)**

ဇူလိုင် ၅ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အမေရိကန်အုပ်ချုပ်ရေးရုံးရှေ့၌ အီရတ်တို့က အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြကြရာ အမေရိကန်စစ်သားများက အကာအကွယ်ပေးရန် အသင့်စောင့်ဆိုင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အမေရိကန်စစ်သားများကိုခုခံသည့် အီရတ်သူရဲကောင်းများအား အီရတ်ပြည်သူတို့ အကာအကွယ်ပေးကြရန် ဆက်ဒမ်ဟူစိန်ပန်ကြား

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်ပြည်သူများအနေဖြင့် အမေရိကန်တပ်များအား ခုခံတွန်းလှန်ရေးကို ထောက်ခံအားပေးကြရန် နှိုးဆော်ပြီး အမေရိကန်များအနေဖြင့် ယခုထက်ပိုမိုပြီး အီရတ်၌ သွေးမြေကျရအောင် ပြင်ထားပေတော့ဟု သတိပေးလိုက်သည့် ဆက်ဒမ်ဟူစိန်၏ အသံသွင်းတိပ်ခွေကို အယ်ဂျာဇီရာရုပ်မြင်သံကြားဌာနက သောကြာနေ့တွင် လွှင့်ထုတ်ခဲ့သည်။

ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဘက်တွင် ကင်းလှည့်နေသည့် အမေရိကန် စစ်သားများကို ချောင်းမြောင်းပစ်ခတ်သည့် သေနတ်သမား ၁၁ ဦးကို သောကြာနေ့က အမေရိကန်စစ်သားတို့က ပစ်ခတ်သတ်ဖြတ်ပြီး မကြာမီမှာပင် မိမိတို့ အမေရိကန်နိုင်ငံမှာ စစ်ဖြစ်ပွားနေရဆဲဖြစ်ကြောင်း ဇူလိုင် ၄ ရက်နေ့ အမေရိကန်လွတ်လပ်ရေးအထိမ်းအမှတ် မိန့်ခွန်းတွင် သမ္မတဘုရှ်က ထည့်သွင်းပြောကြားလိုက်သည်။

နှိုးဆော်ထား

အမေရိကန်အာဏာပိုင်များကမူ ဆက်ဒမ်ဟူစိန်၏အသံ ဟုတ်မဟုတ် ဆန်းစစ်ဦးမည်ဟု ပြောဆိုခဲ့သည်။

ဆက်ဒမ်ဟူစိန်က အီရတ်ပြည်သူများထံ ပန်ကြားရာ၌ အီရတ်ပြည်သူများအနေဖြင့် သူရဲကောင်းပီသသော ခုခံတိုက်ပွဲဝင်သူများအား အကာအကွယ်ပေးကြရန်နှင့် ကျူးကျော်သူများအားသတင်းမပေးရန်၊ အကူအညီ၊ အထောက်အပံ့များ မပေးကြရန် နှိုးဆော်ထားသည်။

အဆိုပါ အသံသွင်းတိပ်ခွေကို အီရတ်နိုင်ငံ အတွင်းမှာပင် ဇွန် ၁၄ ရက်က အသံသွင်းထားခြင်း ဖြစ်သည်ဆို၏။ **(အင်တာနက်)**

ဇူလိုင် ၅ ရက်က ဘဂ္ဂဒက်မြို့၌ လက်နက်များဖြင့် ခုခံတိုက်ခိုက်သည့် အီရတ်အချို့ကို အမေရိကန်တပ်များက ဖမ်းဆီးထားပြီး အီရတ်တစ်ဦးကို အမေရိကန်စစ်သားတစ်ဦးက စစ်ဆေးမေးမြန်းရန် ခေါ်ဆောင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌နေ့စဉ်တိုက်ပွဲဖြစ် အမေရိကန်တို့ စိတ်ဓာတ်ကျ

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်နိုင်ငံသားများကအမေရိကန်တပ်ဖွဲ့များကို ခုခံတိုက်ခိုက်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိရာ ကြာသပတေးနေ့က အီရတ်အမျိုးသားပြတိုက်ဝန်းကျင်တွင် ကင်းလှည့်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အနည်းဆုံး ၁၁ ဦးခန့် ဒဏ်ရာရရှိခဲ့သည့်တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ အီရတ်မြောက်ပိုင်း ဘာလာ့ဒ်မြို့ရှိ စစ်စခန်းတစ်ခုကိုလည်း မော်တာများဖြင့်ပစ်ခတ်ခြင်းခံခဲ့ရာ ၁၉ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

ထိုဖြစ်ရပ်များကြောင့် အီရတ်တွင် တပ်စွဲနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်သိန်းခွဲသည် ပိုမိုအရှိန်ပြင်းလာသည့်တိုက်ခိုက်မှုများနှင့် ဆက်လက်ရင်ဆိုင်လာရဦးမည်ဆိုသည့် အခြေအနေကို ဖော်ပြလျက်ရှိသည်။

နေ့စဉ်လိုလိုတိုက်ပွဲများနှင့်ရင်ဆိုင်နေရသည့်အတွက် အမေရိကန်တပ်ဖွဲ့များသည် စိတ်ဓာတ်ကျဆင်းလျက်ရှိရာ စိတ်ဓာတ် မြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်ပေးနေရကြောင်းသတင်းရရှိသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်တွင် ဗြိတိသျှသတင်းစာဆရာတစ်ဦးပစ်သတ်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၆

ဘဂ္ဂဒက်မြို့တွင် စနေနေ့က အမည်မသိတိုက်ခိုက်သူတစ်ဦး ပစ်ခတ်၍ ဗြိတိသျှအလွတ်သတင်းစာဆရာတစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

အီရတ်အမျိုးသားပြတိုက်အပြင်ဘက်တွင် အလွတ်သတင်းစာဆရာတစ်ဦးဖြစ်သူ ရုပ်မြင်သံကြားထုတ်လုပ်ရေးမှူး ပစ်သတ်ခံရကြောင်း၊ မည်သူမည်ဝါဟု မသိရကြောင်း ဘဝတူ အခြားသတင်းစာဆရာများက ပြောသည်။

ယင်းဖြစ်ရပ်မှန်ကန်ကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးရုံးပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကပြောသည်။ အသက်(၂၀)ကျော် (၃၀) ကြားရှိ အဆိုပါသတင်းစာဆရာ မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်နိုင်ရန် ဗြိတိသျှအရာရှိများက ကြိုးပမ်းစုံစမ်းလျက်ရှိကြောင်းဖြင့်လည်း အဆိုပါပြောခွင့်ရ ပုဂ္ဂိုလ်က ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်လက်နက်ကိစ္စ ဘလဲ၏လက်ထောက်လိမ်ညာခဲ့ကြောင်းဘီဘီစီပြောဆိုမှုကြောင့် ဗြိတိသျှအစိုးရနှင့် ဘီဘီစီအသံလွှင့်ဌာနတို့ကြား ကတောက်ကဆတ်ဖြစ်

လန်ဒန် ဇူလိုင် ၆

အီရတ်ကို ဆင်နွှဲရသည့်စစ်ပွဲ ခိုင်မာစေရန်အတွက် အီရတ်၏လက်နက်များဆိုင်ရာ မှတ်တမ်းမှတ်ရာတစ်ခုကို ဘလဲ၏ ထိပ်တန်းလက်ထောက်အရာရှိတစ်ဦးက လိမ်လည်ပြင်ဆင်ဖော်ပြခဲ့ကြောင်း ဘီဘီစီ၏ အခိုင်အမာပြောဆိုချက်သည် ရယ်စရာကောင်းသည်ဟုဆိုကာ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ပယ်ချလိုက်သည်။

ထိုသို့ ဘီဘီစီ၏ဖော်ပြချက်သည် ဖြစ်နိုင်စရာရှိမှုအဖြစ် စွပ်စွဲသည်ဆိုလျှင် မိမိ၏ရိုးသားမှုကိုအကြီးအကျယ် တိုက်ခိုက်ခြင်းပင်ဖြစ်သည်ဟု ဗြိတိသျှအစိုးရနှင့် ဘီဘီစီအသံလွှင့်ဌာနတို့ကြား ကတောက်ကဆတ်ဖြစ်မှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဘလဲက ပြောဆိုကာ ပယ်ချလိုက်ခြင်းဖြစ်သည်။

ဆန်းစစ်မည်

ဗြိတိသျှအသံလွှင့် ကော်ပိုရေးရှင်း (ဘီဘီစီ)အုပ်ချုပ်ရေးမှူးများသည် ဘီဘီစီသတင်းထောက်တစ်ဦးက စွပ်စွဲရေးသားဖော်ပြခဲ့သည့် ဘလဲ၏ဆက်သွယ်ရေး အကြီးအကဲဖြစ်သော ကင်းမ်ဘဲလ်က အီရတ်၏ ထောက်လှမ်းရေးသတင်းကို လူတကာပိုစိတ်ဝင်စားလာစေရန် နှိုးဆွပေးခဲ့သည်ဆိုသည့် သတင်းမှားမမှားကိုတနင်္လာနေ့ညနေ၌ တွေ့ဆုံဆန်းစစ်ကြမည်ဖြစ်သည်။

ကတောက်ကဆတ်ဖြစ်

ထိုသို့ သတင်းထောက်က အခိုင်အမာစွပ်စွဲဖော်ပြခဲ့သည့်အတွက် ဘီဘီစီ နှင့်ဘလဲ၏ ရုံးအဖွဲ့တို့အကြား ကတောက်ကဆတ် ဖြစ်ခဲ့ကြရသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်ပြည်အနောက်မြောက်ပိုင်းကျိုင်းကောင်ကျ၊ သီးနှံစိုက်ခင်းများဖျက်ဆီးမည်စိုးရိမ်ရ

လန်ချော ဇူလိုင် ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနောက်မြောက်ပိုင်း ကင်စုပြည်နယ်တွင် ကျိုင်းကောင်များကျရောက်ပြီး သီးနှံများကို ဖျက်ဆီးမည့် အန္တရာယ်ရှိနေကြောင်း ကျွမ်းကျင်သူပညာရှင်များက သတိပေးထားသည်။

ယင်းကျိုင်းကောင်များအင်အား မကြီးမားလှသေးသည့်တိုင်အောင် အထူးသတိထား ကာကွယ်သွားကြရမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

ကျူကွမ်စီးတီးနှင့် လန်ချောမြို့တို့တွင် ကျိုင်းကောင်များတွေ့ရှိရကြောင်း၊ ဟက်တာ ၃၄၀၀ နှင့် ဟက်တာ ၂၁၀၀ တို့တွင် အသီးသီးကျရောက်နေပြီဖြစ်ကြောင်း၊ ကျိုင်းကောင်များအနက် လယ်ယာမြေစိုက်ခင်းများသို့ရောက်ရှိလာသည့် ကျိုင်းကောင်အရေအတွက်နည်းသေးပြီး မြေရိုင်းနှင့်စွန့်ပစ်မြေများတွင် ကျရောက်သည့် ကျိုင်းကောင်အရေအတွက်မှာ များပြားကြောင်း ပြည်နယ် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဦးစီးဌာနကပြောသည်။

ကျိုင်းကောင်အများဆုံးကျရောက်နေသည့်ဒေသတွင် မြေတစ်စတုရန်းမီတာလျှင် ကျိုင်းကောင် ၁၃၀ နှုန်းတွေ့ရကြောင်း၊ နှစ်အနည်းငယ်အတွင်း ကျိုင်းကောင်ကျရောက်မှုနှုန်း အများဆုံးအရေအတွက်ပင် ဖြစ်ကြောင်းဖြင့်လည်း ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၃)

မောင်ရင်မှိုင်း

ရန်လိုတော့ ရန်ပိုတယ်

'အန်တီစု'ခေါင်းဆောင်တဲ့ ကျွန်တော်တို့'အင်န်အယ်လ်ဒီ'နောက်လိုက်နောက်ပါ တစ်သိုက်ရဲ့ မြို့ရွာအနှံ့ ခြေဆန့်တဲ့ စည်းရုံးရေးခရီးစဉ် သွင်ပြင်လက္ခဏာတွေဟာ တဖြည်းဖြည်း မူမမှန်တော့ဘဲ ပုံစံပြောင်းလာမှုကို ရိပ်စားမိတဲ့ ကျွန်တော့်စိတ်ထဲ စိုးရိမ်မကင်းဖြစ်မှုတွေက အစီအရီ။

အထူးသဖြင့် 'အန်တီစု'ရဲ့ ခရီးစဉ်တွေနဲ့ ပတ်သက်ပြီး ပြည်ပအသံလွှင့်ဌာနတွေက တစ်ဖက်စောင်းနင်း ထုတ်လွှင့်ပြောကြားချက်တွေဟာ အစိုးရကို စွပ်စွဲပုတ်ခတ် ထိုးနှက်တိုက်ခိုက်တာမှန်ပေမယ့် ကျွန်တော်တို့ ပါတီအပေါ်ကိုလဲ တစ်စုံတစ်ရာသော ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေခဲ့တာပါပဲ။

ပြည်ပအသံလွှင့်ဌာနတွေရဲ့ မီးလောင်ရာလေပင့် မဟုတ်မမှန်၊ မတော်မတရား ယိုးစွပ်ပုတ်ခတ်မှုတွေကြောင့် ကျွန်တော်တို့ပါတီနဲ့ အစိုးရတို့အကြား အချိန်ယူတည်ဆောက်ထားခဲ့ရတဲ့ အပြန်အလှန် နားလည်ယုံကြည်မှု အခြေအနေအလားအလာကောင်းတွေမှာ အက်သံပေးအက်ကြောင်းထင်လာတာဟာ နှမြောစရာကောင်းတဲ့ ဆုံးရှုံးမှုတစ်ခု ဖြစ်သွားပါပြီ။

မေလ ၆ ရက်နေ့မှာ စတင်မယ့် စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နဲ့ မန္တလေးတိုင်း ခရီးစဉ်တွေအတွက် ရင်လေးနေမိတဲ့ ကျွန်တော့်အဖို့ အဲဒီခရီးစဉ်တွေကို လိုက်ပါဖို့အရေး ဝန်လေးနေမိပါတယ်။ ခရီးထွက်ဖို့ ပြင်ကြဆင်ကြ လုပ်နေစဉ်ကတည်းက ပြဿနာကို ရှေ့တန်းတင်နေကြပြီ။ မြို့နယ်တွေမှာ ပါတီရုံးဆိုင်းဘုတ်တင်မယ့် ကိစ္စတွေကို အကြောင်းပြုပြီး ပြဿနာရှာမယ်ဆိုတဲ့ ကြိမ်းဝါးသံတွေကလဲ ကျယ်ကျယ်လောင်လောင်နဲ့။

ကျွန်တော်သိရသလောက် ခရီးမထွက်ခင် လေးငါးရက်လောက်အလိုမှာ ကျွန်တော်တို့ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဘဘဦးလွင်နဲ့ ဗိုလ်မှူးချုပ်သန်းထွန်းတို့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီတွေ့ဆုံမှုမှာ ဘဘဦးလွင်က 'အန်တီစု'ရဲ့ ခရီးစဉ်အတွင်း ပခုက္ကူ၊ ရွှေဘို၊ မိုးညှင်း၊ မိုးကောင်း၊ တနိုင်း၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ ဖားကန့်၊ မြစ်ကြီးနားနဲ့ ကချင်ပြည်နယ်ရုံးတွေမှာ ဆိုင်းဘုတ်တင်လိုတဲ့အတွက် ခွင့်ပြုပေးဖို့ ဆက်လက်တင်ပြနိုင်ရေးကို ညှိနှိုင်းခဲ့ပါတယ်။

တစ်ရက်လောက်ပဲ ကြာပါတယ်။ ဗိုလ်မှူးချုပ် သန်းထွန်းနဲ့ ဘဘဦးလွင်တို့ ထပ်မံတွေ့ဆုံပြီး ပခုက္ကူ၊ဝိုင်းမော်၊ဗန်းမော်၊ရွှေကူ၊မြစ်ကြီးနား မြို့နယ်ရုံးတွေနဲ့ ကချင်ပြည်နယ်ရုံးတို့မှာ ပါတီဆိုင်းဘုတ်တင်ဖို့ကိစ္စကို နိုင်ငံတော်အကြီးအကဲများက ခွင့်ပြုတဲ့အကြောင်း ပြန်ကြားလာပါတယ်။ အဲဒီမှာတင် ဘဘဦးလွင်က ပထမစာရင်းအပြင် နောက်တိုးစာရင်းအဖြစ် မန္တလေးတိုင်းအတွင်းက သပိတ်ကျင်း၊စဉ့်ကူး၊မကွေးတိုင်းအတွင်းက ဆိပ်ဖြူ၊စစ်ကိုင်းတိုင်းအတွင်းက ကောလင်း၊ကန့်ဘလူ၊ဝန်းသို၊မြင်းမူ၊ဘုတလင်၊ ဒီပဲယင်း၊ရေဦး၊တန့်ဆည်၊ခင်ဦး၊ အရာတော်၊ ရှမ်းပြည်နယ်အတွင်းက မိုးမိတ်နဲ့ မဘိမ်းမြို့နယ်တွေမှာလဲ ပါတီဆိုင်းဘုတ်တင်လိုသေးတဲ့အကြောင်း ပြောရင်း စာရင်းထပ်ပေးလိုက်ပြန်တယ်။

အဲဒီစာရင်းပေးပြီး နောက်တစ်ရက် (ခရီးထွက်ဖို့ တစ်ရက်အလို)မှာ ဗိုလ်မှူးချုပ် သန်းထွန်းနဲ့ 'အန်တီစု' တို့ တွေ့ဆုံဖြစ်ကြတယ်။ကျွန်တော့်အထင်ပြောရရင် ဗိုလ်မှူးချုပ်သန်းထွန်းဆီမှာ မနေ့က ဘဘဦးလွင် ပေးလိုက်တဲ့ ဆိုင်းဘုတ်တင်ဖို့ နောက်တိုးစာရင်းအတွက် ခွင့်ပြုကြောင်း ပြန်ကြားချက် ပါလာပုံ မရဘူး။

ဘာဖြစ်လို့လဲဆိုတော့ 'အန်တီစု'က သက်ဆိုင်ရာအနေနဲ့ ခွင့်ပြုပြု မပြုပြု သူကတော့ တင်မှာပဲလို့ ဇွတ်ကြီးပြောနေပြီလေ။ဇွတ်မှ တကယ့်ဇွတ်။ အဲဒီမှာတင် ဗိုလ်မှူးချုပ် သန်းထွန်းက နှစ်ဦးနှစ်ဖက် သဘောတူမှ ဆိုင်းဘုတ်တင်ရန် သဘောတူညီချက်များ ရှိထားတဲ့အကြောင်း၊ အဲဒါကြောင့် ဇွတ်တရွတ်

မလုပ်သင့်ကြောင်း၊မသင့်လဲ မသင့်လျော်တဲ့အကြောင်းတွေ ပြောလာတယ်။

တစ်ဆက်တည်းဆိုသလိုပဲ ဗိုလ်မှူးချုပ်သန်းထွန်းက ဘဘဦးလွင် ပေးတဲ့စာရင်းမှာ ဆိုင်းဘုတ်တင်ဖို့အတွက် သက်ဆိုင်ရာကို မြို့နယ်ပြန်လည်ဖွဲ့စည်းမှုစာရင်းတောင် ပေးထားတာမရှိတဲ့အကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ပါတီရုံး ဆိုင်းဘုတ်တွေ မတင်ဖို့ အပါအဝင် ခွင့်ပြုချက်ရရှိရေးအတွက်လဲ ဆက်လက်တင်ပြပေးမယ့်အကြောင်း ပြောသံတွေ ကြားခဲ့ရတယ်။

အဲဒီမှာ စဉ်းစားစရာအချက်တစ်ချက်က ကျွန်တော်တို့ရုံးအဖွဲ့ကပဲ မသေချာတာလား၊ ဒါမှမဟုတ် တမင်ရှုပ်အောင် လုပ်တာလားတော့ မပြောတတ်ဘူး။ ဖြစ်ပုံတွေက ဒီလို။ ဘဘဦးလွင် ဒုတိယအကြိမ် နောက်တိုးစာရင်းအဖြစ် ပေးလိုက်တဲ့အထဲမှာ အရာတော်မြို့နယ်နဲ့ စဉ့်ကူးမြို့နယ်ဆိုတာ ပါတယ်။ တကယ်ကျတော့ အဲဒီမြို့နယ်တွေမှာ ပါတီဆိုင်းဘုတ်တွေက တင်ပြီးသား။

ဒီနေရာမှာ ကျွန်တော့်အမြင်ကို သမာသမတ်ကျကျ ပြောရရင် မြို့နယ်ရုံးတွေ ဆိုင်းဘုတ်တင်မယ့်ကိစ္စကို ကြိုကြိုတင်တင် စေ့စေ့စီးစီး လုပ်ထားသင့်တယ်။ နီးမှကပ်ပြော၊ ကပ်တောင်းတာအပြင် ဆိုင်းဘုတ်တင်ပြီးသား မြို့နယ်တွေကိုပါ ထပ်မံတောင်းဆိုတာမျိုးကတော့ မဖြစ်သင့်၊ မလုပ်သင့်တဲ့ကိစ္စတွေ။ တစ်ထိုင်တည်း ချက်ချင်းဆုံးဖြတ်ချက်ပေးဖို့ မလွယ်တဲ့ ဒီကိစ္စမျိုးတွေကို ဖုတ်ပူမီးတိုက်လုပ်ပြီး တောင်းဆိုတယ်ဆိုတာဟာ ရှင်းရှင်းပြောရရင် ဒါကျူးသွင်း ခွင်ဆင်တာပဲ။ အစိုးရဘက်က ခွင့်ပြုဖို့ တစ်စုံတစ်ရာ နှောင့်နှေးကြန့်ကြာတာနဲ့ ဘာတွေဘယ်လိုအော်မလဲဆိုတာ ကျွန်တော်တို့မှာ စာစီထားပြီးသား။ အကျပ်ကိုင်တာလား၊ နောက်ကျောကို ဓားနဲ့ထိုးတာလား တစ်ခုခုတော့ တစ်ခုခုပဲ။

သို့ပေမယ့်–

အစိုးရပိုင်းက ကျွန်တော်တို့ပါတီရဲ့ ပထမအကြိမ် ခွင့်ပြုချက် တောင်းခံတဲ့ မြို့နယ်အားလုံးကို ခွင့်ပြုပေးဖို့ ခွင့်ပြုပေးခဲ့သလို ထပ်တိုးစာရင်းနဲ့ တောင်းခံတဲ့ မြို့နယ်တွေထဲကလဲ မုံရွာ၊ ဘုတလင်၊ ဒီပဲယင်း၊ ရေဦးနဲ့ တန့်ဆည်မြို့တွေမှာ ဆိုင်းဘုတ်တင်ခွင့်ပြုတဲ့အကြောင်းကို ကျွန်တော်တို့အဖွဲ့ ခရီးစဉ်လှုပ်ရှားနေချိန်မှာ ထပ်မံခွင့်ပြုပေးခဲ့ပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး အစိုးရဘက်က မေလ ၃၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ အခုလို ထုတ်ဖော်ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။

"...မေလ ၆ ရက်နေ့မှာ ဒေါ်စုကြည်နဲ့အဖွဲ့ ကချင်ပြည်နယ်ကို ခရီးထွက်ရန် ရှိကြောင်းနဲ့ ခရီးစဉ်သွားရင်း မြို့နယ်အချို့ကို ဆိုင်းဘုတ်တင်သွားလိုကြောင်း ကျွန်တော်တို့ဘက်ကို မေ ၂ ရက်နေ့မှာ အသိပေးပြောကြားလာပါတယ်။ ဒါနဲ့ ၄ ရက်နေ့မှာ ဆိုင်းဘုတ်တင်နိုင်သော မြို့နယ်အချို့ကို ခွင့်ပြုကြောင်း ပြန်ကြားပါတယ်။

အဲဒီအခါမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်ထဲက နောက်ထပ် ၁၆ မြို့နယ် ထပ်မံခွင့်ပြုချက်တောင်းပါတယ်။ ဒီအထဲမှာ ဆိုင်းဘုတ် ရှိပြီးသား မြို့နယ်အချို့ ပါနေတာကို တွေ့ရပါတယ်။ ဒီမြို့နယ်တွေ ခွင့်ပြုချက်ကို ဘယ်လိုနည်းနဲ့မှ အချိန်မီခွင့်ပြုချက်ရအောင် လုပ်လို့မရပါဘူး။ ကျွန်တော်တို့ဘက်မှာလဲ အခက်အခဲတွေ ရှိပါတယ်။ ရုံးပိတ်ရက်ခံနေတာတွေလဲ ရှိပါတယ်။ တာဝန်ရှိသူ အကြီးအကဲများ ခရီးထွက်သွားတာလဲ ရှိပါတယ်။

'အင်န်အယ်လ်ဒီ' ဘက်က ပေးတဲ့စာရင်းဆိုတာကလဲ မြို့နယ်အမည်ပဲ ပါရှိပါတယ်။ ဘယ်နေရာမှာ တင်မယ်၊ ဘယ်သူ့အိမ်ဖြစ်တယ်ဆိုတဲ့ လိပ်စာတွေ၊ အချက်အလက်တွေလဲ မပါရှိပါ။ နိုင်ငံရေးပါတီဆိုင်းဘုတ်တင်မယ့် နေရာ၊ အဆောက်အအုံတစ်ခုဟာ ကင်းကင်းရှင်းရှင်း ဖြစ်သင့်ပါတယ်။

သာသနာ့မြေ၊ အစိုးရပိုင်အဆောက်အအုံ၊ စည်ပင်သာယာပိုင်မြေ၊ လယ်/ ယာမြေ၊ အမွေပိုင် အငြင်းပွားတဲ့ အိမ်၊ မိသားစု သဘောမတူတဲ့ အဆောက်အအုံ အစရှိတဲ့ မလိုလားအပ်တဲ့ ရှုပ်ထွေးမှုတွေ မရှိသင့်ပါဘူး။ ဒါတွေရှိမရှိ လေ့လာရန် လိုပါတယ်။ ဒီလိုအခက်အခဲတွေရှိလို့ မတင်ပါနဲ့ဦးလို့ပြောရင် အစိုးရက ဆိုင်းဘုတ်တင်ရန်ကိစ္စတွေကို ပိတ်ပင်နေပါတယ်လို့ ဆိုဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ တောင်းဆိုထားတဲ့ စစ်ကိုင်းတိုင်းထဲက မြို့နယ်တွေကိုပါ အချိန်မီ ဆိုင်းဘုတ်များ တင်နိုင်အောင် ခရီးစဉ်ကာလအတွင်းမှာပဲ ဆောင်ရွက်ပေးခဲ့ပါတယ်"

သတင်းစာရှင်းလင်းပွဲပါ အဲဒီရှင်းလင်းချက်အပေါ် ကျွန်တော်တစ်စုံတစ်ရာ ယုံမှားသံသယ မဖြစ်မိပါ။ ရိုးရိုးရှင်းရှင်း တင်ပြချက်တစ်ခုပါပဲ။

ဘာပဲဖြစ်ဖြစ်ပါ။

နာမ်သာရှိပြီး ရုပ်မရှိတဲ့ အခြေအနေမျိုး ကပ်ဆိုက်နေတဲ့ ကျွန်တော်တို့ 'အင်န်အယ်လ်ဒီ'ပါတီအနေနဲ့ စစ်အစိုးရရဲ့ကောင်းမှုကြောင့် ၂၀၀၁ခုနှစ်ကစပြီး ဒီကနေ့အချိန်အထိ တစ်ပြည်လုံးအတိုင်းအတာနဲ့ 'အင်န်အယ်လ်ဒီ' မြို့နယ်ရုံးပေါင်း ၆၈ ရုံးမှာ ဆိုင်းဘုတ်တွေ တင်နိုင်ခဲ့ပါပြီ။

စဉ့်ကူးမြို့ အမှတ် (၂) ရပ်ကွက် မြို့နယ်ဒုဥက္ကဋ္ဌ ဦးစိန်ထွန်း၏မိခင် ဒေါ်လှပု၏ နေအိမ်တွင် ဤသို့ခန့်ထည်စွာ ချိတ်ဆွဲထားသော မြို့နယ် ဆိုင်းဘုတ်ရှိသော်လည်း ခရီးထွက်ခါနီးမှ ဆိုင်းဘုတ်တင်ရန် ထပ်မံခွင့်တောင်းခြင်းသည် အစိုးရအပေါ် အကျပ်အတည်း ဖြစ်စေရန် ဆောင်ရွက်ချက် တစ်ခုဖြစ်ခဲ့၏။

မြို့နယ်ရုံးတွေမှာ ပါတီရုံးဆိုင်းဘုတ်တင်မယ့် ကိစ္စတွေကို အကြောင်းပြုပြီး ပြဿနာရှာမယ်လို့ ကြွေးကြော်ခဲ့ကြတဲ့အတိုင်း တကယ်လဲ ပြဿနာရှာခဲ့ကြပါတယ်။ဖြစ်ခဲ့တဲ့ ဖြစ်ရပ်ဖြစ်စဉ်တွေကို ယထာဘူတကျကျ သုံးသပ်ကြည့်မယ်ဆိုရင်'အန်တီစု'အနေနဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ပြည်တွင်းပြည်ပမှာ အထိတ်တလန့်နဲ့ အသံတွေကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာစေဖို့ အစိုးရအပိုင်းက 'အင်န်အယ်လ်ဒီ' ပါတီအပေါ် မတရားဖိနှိပ်ချုပ်ချယ်မှုတွေ ပြုနေသယောင် နိုင်ငံတကာအသိုက်အဝန်းက ထင်မြင်ယူဆသွားအောင်၊ တည်ငြိမ်

ပါတီက လူငယ်တွေကို မေလ ၅ ရက်နေ့ ညနေပိုင်းအရောက် ခြံထဲကိုလာခဲ့ဖို့ ဆင့်ခေါ်လိုက်တယ်။ညပိုင်းလူငယ်တွေစုံပြီဆိုတော့ ခရီးစဉ်အမှတ်တရအဖြစ် တူညီဝတ်စုံသဘောနဲ့ အဝါရောင်မိုးကာအင်္ကျီ တစ်ထည်စီနဲ့ ချည်အနွေးအင်္ကျီ တစ်ထည်စီ ထုတ်ပေးလေရဲ့။

ထူးခြားတဲ့ ညွှန်ကြားချက်က ကျွန်တော်တို့အဖွဲ့ ချင်းပြည်နယ်ခရီးစဉ်အတွင်း ဆောမြို့မှာဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်ကို အကြောင်းပြုပြီး လိုအပ်သလို အသုံးပြုနိုင်ဖို့အတွက် တုတ်နဲ့ လိုအပ်တဲ့တိုက်ခိုက်ရေးလက်နက်တွေ ယူလာ

စီးပွားကူးသန်း ရေသို့လှမ်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် "အင်န်အယ်လ်ဒီ"ပါတီခေါင်းဆောင်များ ရင်းရင်းနှီးနှီး မျက်နှာချင်းဆိုင်တွေ့ဆုံမှုသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် မျက်နှာစာသစ် နိဒါန်းအဖွင့်လည်းဖြစ်၏။

ထူးခြားတဲ့ညွှန်ကြားချက်က ကျွန်တော်တို့အဖွဲ့ ချင်းပြည်နယ်ခရီးစဉ်အတွင်း ဆောမြို့မှာဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်ကို အကြောင်းပြုပြီး လိုအပ်သလို အသုံးပြုနိုင်ဖို့အတွက် တုတ်နဲ့ လိုအပ်တဲ့ တိုက်ခိုက်ရေးလက်နက်တွေ ယူလာရမယ်တဲ့။

ခရီးစဉ်တစ်လျှောက် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ရင် ညှိနှိုင်းဖြေရှင်းဖို့၊ ဥပဒေစည်းမျဉ်းစည်းကမ်းအရ ဆောင်ရွက်ဖို့ဆိုတဲ့ စိတ်ကူးထက် ရိုက်ဖို့နှက်ဖို့၊ ထုဖို့ထောင်းဖို့၊ ထိုးဖို့ကြိတ်ဖို့၊ ပစ်ဖို့ပေါက်ဖို့သာ အားသန်နေတဲ့ "အင်န်အယ်လ်ဒီ" လူငယ်အဖွဲ့ဝင်တွေကို "အန်တီစု" အနေနဲ့ တစ်စုံတစ်ရာ ပိတ်ပင်တားမြစ် သွန်သင်ဆုံးမမှု မရှိဘူးလားလို့ မေးလာမယ်ဆိုရင်တော့ ကျွန်တော် မကြားမိပါလို့ ဖြေတာဟာ အကောင်းဆုံးဖြစ်လိမ့်မယ်ထင်တယ်။

ခရီးစဉ်တစ်လျှောက် အခြေအနေတွေ ရှုပ်ထွေးအောင်လုပ်ဖို့၊ ရှုပ်ထွေးလာမှု အခြေအနေပေါ်မူတည်ပြီး ထိန်းမနိုင်သိမ်းမရ ဝရုန်းသုန်းကားတွေဖြစ်စေဖို့၊ အဲဒီအခြေအနေကို နောက်ခံထားပြီး သက်ဆိုင်ရာအာဏာပိုင်တွေရဲ့ ကာကွယ်တားဆီး ဟန့်တားမှုတွေကို "နှိပ်ကွပ်"မှုတွေအဖြစ် နိုင်ငံရေးအရ အမြတ်ထုတ်ဖို့ကိစ္စဟာ အဓိကဖြစ်နေတယ်။ အဲဒီတော့ ပြဿနာမဖြစ်ဘဲ နေတော့မှာတဲ့လား။

အေးချမ်းနေရာက ထိပ်တိုက်ရင်ဆိုင်ရတဲ့ ပြဿနာတွေပေါ်ပေါက်လာအောင် ကြိုတင်အစီအမံ အခင်းအကျင်းတွေနဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာမျိုး ဟုတ်မဟုတ်ဆိုတာကိုတော့ 'အန်တီစု'ပဲ အသိဆုံးဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ အများပြည်သူတွေ သိသင့်တဲ့ကိစ္စတစ်ခုကို ကျွန်တော်အမှန်အတိုင်း ဖွင့်ပြောပါ့မယ်။ ဘယ်သူမှ ရိုက်မစစ်ဘဲနဲ့ ဖော်ကောင်ဘညွှန့်လုပ်တာ မဟုတ်ပါဘူး။အဖြစ်မှန်ကို သိစေချင်မှု သက်သက်ပါ။'အန်တီစု'ခေါင်းဆောင်ပြီး သွားရောက်မယ့် စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ် ခရီးစဉ်တွေအတွက် ပြင်ကြ ဆင်ကြပြီ။ သွားရောက်မယ့် မော်တော်ယာဉ်အရေအတွက်က သုံးစီး။ ဒိုင်နာအဖြူရောင် တစ်စီး၊'အန်တီစု'စီးမယ့် 4 x 4 နှစ်ခန်းတွဲ အနက်ရောင်ပစ်ကပ် တစ်စီး၊ ဘဘဦးတင်ဦး စီးမယ့် ခဲရောင် တောင်းအေ့စ်တစ်စီး။

ခရီးစဉ်တစ်လျှောက် လုံခြုံရေး၊မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးရေး၊မှတ်တမ်းဓာတ်ပုံရိုက်ကူးရေး၊ ဟောပြောချက်အသံသွင်းယူရေးကိစ္စ ဆောင်ရွက်မယ့်ရမယ်တဲ့။ အဲဒီမှာတင် 'အင်န်အယ်လ်ဒီ' လူငယ်အဖွဲ့ဝင်တွေဖြစ်တဲ့ သိန်းစိုးနဲ့ ခင်ဦးတို့က လူရိုက်ဖို့အတွက် ၂ လက်မ X၁ လက်မ တုတ်ချောင်း ခြောက်ချောင်း၊ ခုနစ်ချောင်း၊ လေးခွတစ်လက်နဲ့ ကျောက်စရစ်ခဲတွေကို ကားပေါ်တင်တော့တာပဲ။ အဲဒီ လူရိုက်ဖို့ တုတ်ချောင်းတွေကို မြွေအရေခွံအိတ်နဲ့ ပတ်ပြီး ခင်ဦးရဲ့ ထိုင်ခုံအောက်မှာ ထားတယ်။ ခင်ဦးက ဘယ်ကားမှာစီးတဲ့ ကောင်လဲဆိုတော့ 'အန်တီစု'ရဲ့ ကားမှာ စီးတဲ့ကောင်။

ကချင်ပြည်နယ်ခရီးစဉ် ဆက်ထွက်ကြတော့ ကောလင်းမြို့အရောက်မှာ ကျွန်တော်တို့နှင့်အတူပါလာတဲ့လူငယ်အဖွဲ့ဝင် သိန်းစိုးကခိုင်းလို့ဆိုပြီး စစ်ကိုင်းတိုင်း 'အင်န်အယ်လ်ဒီ' မိမိကြီးက ၂လက်မ X၁ လက်မ တုတ်ချောင်းတွေကို ကားပေါ် ထပ်တင်ပေးလိုက်ပြန်တယ်။ ရန်ကုန်ကပါလာတဲ့ တုတ်တွေနဲ့ ကောလင်းကထပ်ဆောင်းဖြည့်တင်းပေးလိုက်တဲ့ တုတ်တွေအားလုံး 'အန်တီစု'ရဲ့ ကားပေါ်မှာချည်းပဲ။ ခရီးစဉ်တစ်လျှောက် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ရင် ညှိနှိုင်းဖြေရှင်းဖို့၊ ဥပဒေစည်းမျဉ်းစည်းကမ်းအရ ဆောင်ရွက်ဖို့ဆိုတဲ့ စိတ်ကူးထက် ရိုက်ဖို့နှက်ဖို့၊ ထုဖို့ထောင်းဖို့၊ ထိုးဖို့ကြိတ်ဖို့၊ ပစ်ဖို့ပေါက်ဖို့သာ အားသန်နေတဲ့ 'အင်န်အယ်လ်ဒီ' လူငယ်အဖွဲ့ဝင်တွေကို 'အန်တီစု' အနေနဲ့ တစ်စုံတစ်ရာ ပိတ်ပင်တားမြစ် သွန်သင်ဆုံးမမှု မရှိဘူးလားလို့ မေးလာမယ် ဆိုရင်တော့ ကျွန်တော် မကြားမိပါလို့ ဖြေတာဟာ အကောင်းဆုံး ဖြစ်လိမ့်မယ် ထင်တယ်။

ရန်လိုမှုတွေတစ်ပွေ့တစ်ပိုက်ကြီးနဲ့ လူရိုက်မယ့်တုတ်တွေ၊ ပစ်ဖို့လေးခွတွေ၊ ကျောက်စရစ်ခဲတွေ ကားပေါ်တင် ထွက်လာခဲ့ကြတဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ ရည်ရွယ်ချက်နဲ့ ပတ်သက်လို့ နိုင်ငံရေးအရ စည်းရုံးရေးဆင်းတယ်ပဲပြောပြော၊ ဒီမိုကရေစီ တရားလှည့်ဟောတာပဲဆိုဆို အဲဒါတွေ အားလုံးဟာ အနှစ်သာရ မဟုတ်ခဲ့ဘူး။ ဟန်ရေးပြမှုသက်သက်။ ဟုတ်တယ်လေ။

ခရီးစဉ်တစ်လျှောက် အခြေအနေတွေ ရှုပ်ထွေးအောင်လုပ်ဖို့၊ ရှုပ်ထွေး လာမှုအခြေအနေပေါ်မူတည်ပြီး ထိန်းမနိုင်သိမ်းမရ ဝရုန်းသုန်းကားတွေ ဖြစ်စေဖို့၊ အဲဒီအခြေအနေကို နောက်ခံထားပြီး သက်ဆိုင်ရာအာဏာပိုင်တွေရဲ့ ကာကွယ်တားဆီး ဟန့်တားမှုတွေကို 'နှိပ်ကွပ်' မှုတွေအဖြစ် နိုင်ငံရေးအရ အမြတ်ထုတ်ဖို့ ကိစ္စဟာ အဓိကဖြစ်နေတယ်။ အဲဒီတော့ ပြဿနာမဖြစ်ဘဲ နေတော့မှာတဲ့လား။

(ဆက်လက်ဖော်ပြပါမည်)

အရာတော်မြို့ အမှတ် (၃) ရပ်ကွက် ဦးထွန်းငွေ နေအိမ်တွင် ဤသို့ချိတ်ဆွဲထားသော မြို့နယ်ဆိုင်းဘုတ် ရှိပြီးဖြစ်သော်လည်း ဆိုင်းဘုတ်တင်ရန် ထပ်မံတောင်းဆိုခြင်းသည် မရိုးသားမှု၊ ရှုပ်ထွေးအောင် ဖန်တီးမှုတစ်ခုဖြစ်ခဲ့သည်။



မြဝတီရုပ်မြင်သံကြား

၇-၇-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် (က)ဒုတိယနှစ်(ဝါဏိဇ္ဇဗေဒ) (ခ)ဒုတိယနှစ်(သမိုင်း)
၅:၃၀ ၉။ မြဝတီမဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၃၅ ၁၅။ လျှပ်တစ်ပြက်
၆:၄၅ ၁၆။ မြန်မာ့လက်သီး
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဓာတ်လမ်း **"အထွာဝါချစ်သူ"** အပိုင်း(၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ ရသစုံလင်ရုပ်မြင်ဓာတ်လမ်း **"ရောင်လင်ခုနစ်ဆင့် သိုင်းသမား"** အပိုင်း(၃၆)

မြန်မာ့ရုပ်မြင်သံကြား

၇-၇-၂၀၀၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၀ ၇။ စွန်ချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises For Correct Pronunciation
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) (မြန်မာစာ)
၁၇:၀၅ ၆။ အကပဒေသာ
၁၇:၂၀ ၇။ အဆိုပြိုင်ပွဲ
၁၇:၃၀ ၈။ မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ
၁၇:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၅၅ ၁၀။ လက်ဆင့်ကမ်းပေးဂီတတေး
၁၈:၀၅ ၁၁။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၈:၁၅ ၁၂။ Discovery
၁၈:၃၀ ၁၃။ ညနေခင်းသတင်း
၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၅။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၇။ မုးယစ်ဟူက တိုက်ဖျက်ကြ (အပိုင်း-၁)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာ"** (အပိုင်း-၄)

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲတွင် ဒါးကတံတား ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

မြောက်တိုင်းလည်း မပြောက်နဲ့

■ အစိုးရမှ

ဒါးက တံတားဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ငွေဦး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဖုန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်း၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ပုသိမ်၊ကန်ကြီးထောင့်၊ ကျောင်းကုန်း မြို့နယ်တို့မှ ဒေသခံ ပြည်သူများ၊ ဆရာဆရာမများ နှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေး အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ဘင်ခရာ၊ပန်းဖွား၊ စည်တော်အဖွဲ့များ တက်ရောက်ကြသည်။

ဒါးကတံတားဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် ဒါးကတံတားသည် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်တွင် တည်ရှိသည့် ဒါးက မြစ်ကူး မော်တော်ကား တံတားသစ်ကြီးဖြစ်ကြောင်း၊ ဒါးကတံတားဟောင်းသည် လွန်ခဲ့သည့် နှစ် ၅၀ ကျော်က တည်ဆောက်ထားခဲ့သော ရထားလမ်းကူးတံတားဖြစ်ပြီး ၁၉၈၃ ခုနှစ်တွင် ရထားရော မော်တော်ကားပါ ယှဉ်တွဲသုံးစွဲခဲ့သည့် တံတားဖြစ်ကြောင်း၊ မော်တော်ယာဉ်အသွားအလာ အလွန်နည်းပါးသည့် ယခင်ကာလများနှင့်မတူ ယနေ့မိမိတို့ တပ်မတော်အစိုးရလက်ထက် ရန်ကုန်-ပုသိမ် အမြန်လမ်းမကြီး ပေါ်ထွက်လာသည့်အခါ ဥဒဟိုသွားလာနေသည့် မော်တော်ကားများသည် ကျဉ်းမြောင်းလှသည့် ဒါးကတံတားကို ဖြတ်သန်းရန် အချိန်ပေးစောင့်ဆိုင်းရသည့်အတွက် မော်တော်ယာဉ်အသွားအလာ ပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပေါ်လာရကြောင်း၊ တံတားအမျိုးအစားသည်လည်း ကားများသွားလာ ဖြတ်သန်းရန် တည်ဆောက်ထားသည့် တံတားအမျိုးအစားမဟုတ်သည့်အပြင် တံတားသက်တမ်းသည်လည်း ရှည်ကြာလာခဲ့ပြီဖြစ်ကြောင်း။

မြန်မြန်ဆန်ဆန်သွားလာနိုင်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ဒါးကတံတားဟောင်းနှင့်ယှဉ်ပြီး ယခုကဲ့သို့ သီးခြားခေတ်မီသော တံတားသစ်ကြီးကို အမြန်ဆုံးတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒါးကတံတားသစ်ကြီးကို အသုံးပြုပြီး ရန်ကုန်-ပုသိမ် လမ်းကြောင်း၊ ပုသိမ်-ရေကြည်- ဟသ်ာတ လမ်းကြောင်းအတိုင်း မော်တော်ယာဉ်များသည် နှောင့်နှေး ကြန့်ကြာမှုမရှိ မြန်မြန်ဆန်ဆန် သွားလာနိုင်ပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ငွေဦး ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတား ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)



ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

ဒါးကမြစ်သည် ဧရာဝတီတိုင်း တွင် ရေကြောင်းသွားလာရေးအတွက် အထောက်အကူပြုလျက်ရှိသော်လည်း တစ်ဖက်ကလည်း ကုန်းလမ်းသွားလာမှုကို သဘာဝအရ အဟန့်အတားဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် ဒါးကမြစ်တစ်လျှောက်၌ ကားတံတားများအဖြစ် ယခုဖွင့်လှစ်သည့် ဒါးကတံတားမတိုင်မီတွင် ခဲပေါင်တံတားနှင့် ကျောင်းကုန်းတံတားကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ဥဒဟိုသွားလာနေကြပြီ

မြစ်ချောင်းများပြားလှသည့် ဧရာဝတီတိုင်း၌ ရေကြောင်းခရီးကိုသာ အဓိကအားထားသွားလာ ဆက်သွယ်နေရသည့် အစဉ်အလာဟောင်းကို ယနေ့ တော်လှန်ပြောင်းလဲပြီး ကုန်းလမ်းခရီးစဉ်များဖြင့် အစားထိုးလာနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင်တာဝန်ခံဆောင်ရွက်ပေးမှု၊ ဧရာဝတီတိုင်းသားများ၏ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဧရာဝတီတိုင်းအတွင်း၌ ယနေ့အချိန်အခါတွင် မြို့နယ်ချင်းဆက်သည့် မော်တော်ကားလမ်းများနှင့် တံတားများသည် ကွန်ရက်သဖွယ် ပေါ်ထွက်၍ နယ်မြေအနှံ့ ဥဒဟိုသွားလာနေကြပြီဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ ရေသယံဇာတ၊ မြေသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချပြီး ထုတ်လုပ်ရရှိသည့် ကုန်ပစ္စည်းများကို ဈေးကွက်ကို အမြန်ရောက်အောင် တင်ပို့နိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု မကောင်းလျှင် ကုန်ထုတ်လုပ်မှုရော ကုန်စည်ရောင်းဝယ်ဖောက်ကားမှုပါ ဖြစ်ထွန်းအောင်မြင်ရန် အလှမ်းဝေးခဲ့ရကြောင်း၊ ဧရာဝတီတိုင်းသားများ ကိုယ်တွေ့ ခံစားခဲ့ရပြီးဖြစ်ကြောင်း၊ လမ်းပန်း ဆက်သွယ်ရေးကလည်း မကောင်း၊ နယ်မြေဒေသသည်လည်း သောင်းကျန်းသူများကြောင့် တည်ငြိမ်အေးချမ်းမှုမရှိ ကျီးလန့်စာစားဖြစ်ခဲ့ရဖူးသည့် ဧရာဝတီတိုင်းသည် ဖွံ့ဖြိုးမှုများ တုံ့ဆိုင်းလျက် ဘယ်ရွှေ့ဘယ်မျှ အတုပ်အနှောင် ခံခဲ့ရသည့် အတိတ်သမိုင်းသည် ဧရာဝတီတိုင်းအတွက် ခါးသီးဖွယ်ရာ အတွေ့အကြုံများအဖြစ် သက်သေထူခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများ လိုလားတောင့်တသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာအောင် တပ်မတော်အစိုးရသည် တိုင်းပြည်၏ တာဝန် စတင်ယူချိန်မှစပြီး ပြည်သူများ၏ ပူးပေါင်းမှုစွမ်းအားဖြင့် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ယနေ့ ဧရာဝတီတိုင်းသည် သောင်းကျန်းမှုကင်းစင်သော တည်ငြိမ်အေးချမ်းသည့် နယ်မြေအဖြစ်သာမက လမ်းပန်းဆက်သွယ်မှုကောင်းမွန်သော ဒေသအဖြစ် ပြောင်းလဲ ရောက်ရှိလာနေပြီ ဖြစ်ကြောင်း။

တံတားကြီးပေါင်း ၁၆၅ စင်း

နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူ ချောမွေ့ရေးနှင့် တိုးတက်ကောင်းမွန်ရေးသည် နိုင်ငံတော် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး အတွက် မရှိမဖြစ် လိုအပ်လျက်ရှိကြောင်း၊ ငွေလုံးငွေရင်းပမာဏကြီးမားစွာဖြင့် ကွန်ရက်ယှက်သွယ် တည်ဆောက်ခဲ့သည့်လမ်းများ၊တံတားများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖြစ်သကဲ့သို့ တိုင်းရင်းသားများအတွက် ဒေသ တစ်ခုမှတစ်ခုသို့ အလွယ်တကူ ကူးလူးဆက်ဆံနိုင်မည့် လူမှုစီးပွားရေး အဆောက်အအုံများလည်းဖြစ်ကြောင်း၊ ယခင်က မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်း၏ ဆက်သွယ်ရေး လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းမှာသာ တောင်နှင့်မြောက် သွယ်တန်းလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ပြည်ထောင်စု တစ်ဝန်းလုံးကို ပေါင်းစည်း ဆက်သွယ်မိအောင် မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ လမ်းများတိုးချဲ့ဖောက်လုပ်ရာတွင် လိုအပ်သည့်နေရာတိုင်း၌ မြစ်ကူးတံတားကြီးများကိုပါ တည်ဆောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်များ၌ ၁၉၈၈ ခုနှစ် မတိုင်ခင်က တံတားကြီးလေးစင်းသာရှိခဲ့ပြီး ၁၉၈၈ ခုနှစ်မှ ယနေ့အထိ မြစ်ကူးတံတားကြီးပေါင်း ၁၃ စင်းကို အသစ်ထပ်မံ တည်ဆောက် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စု တစ်ဝန်းလုံး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးခဲ့သည့် တံတားကြီးပေါင်းသည် ယခုဒါးကတံတားအပါအဝင် တံတားပေါင်း ၁၅၇ စင်း ရှိပြီဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်သည့် တံတားကြီးငါးစင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက တည်ဆောက်သည့် တံတားကြီး

စာမျက်နှာ ၁၁ သို့

ဒါးကတံတား တည်ဆောက်ပြီးစီး၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးဉာဏ်လင်းက ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲတွင် ကျေးဇူးတင်စကားပြောကြားစဉ်။ (မြန်မာ့အလင်း)

မြောက်တိုင်းလည်း မကြောက်နဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲတွင် တံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

သုံးစင်းနှင့် ပေါင်းစပ်လျှင် တံတားကြီးပေါင်း ၁၆၅ စင်း တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ဤအထဲတွင် ဒါးကတံတားကဲ့သို့ တံတားကြီးစာရင်းဝင်တံတားပေါင်း ၃၉ စင်းကို ဧရာဝတီတိုင်းအတွင်း၌ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဖျာပုံမြစ်ကူးတံတားစီမံကိန်းကို စတင်နေပြီဖြစ်သကဲ့သို့ ငဝန်မြစ်ကူး(ပုသိမ်)တံတားကြီးကိုလည်း တစ်ဆက်တည်း တည်ဆောက်သွားတော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် ဧရာဝတီတိုင်း၏ မော်တော်ကားလမ်း ကွန်ရက်စနစ်သည် ရာနှုန်းပြည့်နီးပါးခန့်အကောင်အထည်ပေါ်နေပြီဖြစ်ကြောင်း။

ယခုလည်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် မဲဇလီတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ပသွယ်တံတား၊ ကျောင်းကုန်းတံတား၊ ဒါးကတံတား စသည့် တံတားများကြောင့် ရန်ကုန်-ပုသိမ် လမ်းကြောင်း ဖြောင့်ဖြူးစွာ ပေါ်ထွက်လာခဲ့ပြီးဖြစ်ကြောင်း။

လွယ်ကူလျင်မြန်စွာသွားလာနေ

ထို့အတူ ပန်းတနော်တံတား၊ ဇောခိတံတား၊ ကျုံကနောင်တံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ လမ်းသမိုင်တံတားများကြောင့် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးလမ်းကြောင်း၊ ပင်လယ်လေးတံတား၊ မြောင်းမြတံတား၊ အိမ်မဲတံတားများ၏ အကျိုးပြုမှုကြောင့် လပွတ္တာ-မြောင်းမြ-အိမ်မဲမှတစ်ဆင့် ပုသိမ်-ရန်ကုန် လမ်းမကြီးကိုဝင်သည့် လမ်းကြောင်း၊ ဂုံညင်းတံတား၊ သလိပ်ကြီးတံတား၊ သလိပ်လေးတံတား၊ ချောင်းတွင်းတံတား၊ နတ်ချောင်းတံတားများနှင့် ဆက်ထားသည့် ကျိုက်လတ်-ဖျာပုံ-ဘိုကလေးလမ်းကြောင်း၊ ဥယျာဉ်ချောင်းတံတားကြောင့် ကျိုက်လတ်-မအူပင်လမ်းကြောင်း၊ မအူပင်တံတားနှင့် အတူ မအူပင်-ဆားမလောက်လမ်းကြောင်း၊ ဒေးဒရဲတံတား၏ အကျိုးပြုမှုကြောင့် ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ဒလ လမ်းကြောင်း စသည့် ဧရာဝတီတိုင်းအတွက် ကုန်းလမ်းကြောင်းအသစ်များ ထူးခြားစွာ ပေါ်ထွက်လာခဲ့ပြီး ဖြစ်ကြောင်း၊ ဤလမ်းကြောင်းများအတိုင်း ရန်ကုန်မှရော ပုသိမ်မှပါ လပွတ္တာ၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ကျုံမငေး၊ ဝါးခယ်မ၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ စသည့် ဧရာဝတီတိုင်းအောက်ပိုင်းဒေသတို့ကို လွယ်ကူလျင်မြန်စွာ သွားလာနေကြပြီ ဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ အပေါ်ပိုင်းတွင်လည်း ပုသိမ်-ရေကြည်-ဟင်္သာတကားလမ်း၊ ရေကြည်-ငါးသိုင်းချောင်း-ဂွကားလမ်း၊ ကြံခင်း-မြန်အောင်-အင်္ဂပူ-ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်းကားလမ်းတို့ကို ရာသီမရွေး သွားလာနိုင်သည့် လမ်းများအဖြစ် ခရီးသွားပြည်သူများ သုံးစွဲနေကြပြီ ဖြစ်ကြောင်း။

ဧရာဝတီတိုင်း၌ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ရေခံမြေခံအခြေခံကောင်းများရှိသော ဒေသဖြစ်သည့်အတွက် အချိန်တိုကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်ရနေသောတိုင်းဖြစ်ကြောင်း၊ ရှေ့သို့လည်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေကြောင်း၊ နိုင်ငံတော်အတွက် စိုက်ပျိုးရေး ကုန် ထုတ်လုပ်မှုအရရော သားငါး မွေးမြူထုတ်လုပ်မှုအရပါ အားကိုးရသည့် တိုင်းတစ်တိုင်း ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြီးခဲ့သည့် ဇွန်လအတွင်း ဧရာဝတီတိုင်းကို ရောက်ရှိစဉ် တာဝန်ရှိသူများအား မှာကြားရာ၌-

“ဧရာဝတီတိုင်းအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့ မွေးမြူရေးကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အခြေခံ အလားအလာကောင်းတွေ ရှိပြီးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေ တစ်ဆင့် မြင့်မားတိုးတက်အောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်တယ်”

“နိုင်ငံတော်မှာရှိတဲ့ စပါးစိုက် ဧရိယာရဲ့ လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးနေတဲ့အပြင် မြေဆီမြေလွှာ ကောင်းတဲ့အတွက် ဧရာဝတီတိုင်းရဲ့ စပါး တစ်ဧက အထွက်နှုန်းကို သိသိသာသာ တိုးတက်အောင် ကြိုးစား လိုက်မယ်ဆိုရင် နိုင်ငံတော်က ရည်မှန်းချက်ပေးထားတဲ့ စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ထိရောက်စွာ အထောက်အကူပြုမှာဖြစ်တယ်။”

“မွေးမြူရေးကဏ္ဍမှာလဲ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းကို အားပေးမြှင့်တင် ဆောင်ရွက်ပြီး ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်အောင် စီမံကြရမှာ ဖြစ်တယ်”

ဟု လမ်းညွှန်ခဲ့ကြောင်း။

တစ်ဆင့်မြင့်တက်သွားမည်

ဤလမ်းညွှန်ချက်များကို ဧရာဝတီတိုင်းအနေဖြင့် အလေးအနက်လိုက်နာအကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းအတွင်း၌ လိုအပ်သည့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို နိုင်ငံတော်ကတည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများနှင့် ရေနုတ်မြောင်းများကိုလည်း အတိုင်းအတာတစ်ရပ်အထိတည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကွန်ချောင်းဆည်၊ မမြဆည်၊ကညင်ဆည်စသည့် တည်ဆောက်နေဆဲ ရေလှောင်တမံစီမံကိန်းများကိုလည်း အမြန်ပြီးစီးအောင် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် အခြေခံကောင်းများ အပေါ်မှီပြီး ဧရာဝတီတိုင်းသည် မိုးစပါးရော နွေစပါးပါ အများဆုံး တိုးချဲ့စိုက်ပျိုးသော တိုင်းဖြစ်လာသည့်အတွက် နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာ ဆက်လက်ရှင်သန်ရပ်တည်လျက်ရှိကြောင်း၊ ထို့အပြင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့်ဂုန်လျှော်ကိုလည်းတစ်နှစ်ထက်တစ်နှစ် အားရဖွယ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုနှင့်အတူ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန်ဧက ၆၀၀၀၀ ကျော်၊ ပုစွန်ကန်ဧက ၃၅၀၀၀ ကျော် တိုးတက်ဖြစ်ပေါ်နေပြီး ဘဲ၊ ဝက်၊ ဒေသန္တရကြက်အများဆုံးမွေးမြူနေသည့် နယ်မြေအဖြစ်လည်း ရပ်တည်နေပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးရေး၊မွေးမြူရေးအထူးဇုန်သဖွယ် တည်ရှိနေပြီဖြစ်ကြောင်း။

ဤကဲ့သို့ တိုးတက်နေသည့် အခြေခံကောင်းများ အပေါ်တွင် ဧရာဝတီတိုင်းသားများက ထပ်ဆင့်အားထည့်လိုက်မည်ဆိုလျှင် ဧရာဝတီတိုင်း၏ တိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တစ်ဆင့်မြင့်တက်သွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်ဧရာဝတီတိုင်းသာမက ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ပြည်နယ်၊တိုင်းအားလုံး ကွက်ပြည့်ဖွံ့ဖြိုးလာအောင်ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုလေ့လာသုံးသပ်ပြီး စီမံချက်များချမှတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခင်က တိုးတက်မှုနှေးကွေးနေသည့် ဒေသများရော ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် ဒေသများပါ ယခုအခါတွင် အရှိန်အဟုန်ရှိရှိ တိုးတက်လာနေပြီဖြစ်ကြောင်း။

မှတ်ကျောက်တင်နိုင်

ကိန်းဂဏန်းစာရင်းများအရရော ရုပ်ပိုင်းဆိုင်ရာ လက်တွေ့ဖြစ်ပေါ်နေမှုများအရပါ တိုးတက်ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို နိုင်ငံတော်တစ်ဝန်း၌ မှတ်ကျောက်တင်နိုင်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့မှတ်ကျောက်တင်နိုင်ခြင်းသည်လည်း နယ်စပ်ဒေသများအပါအဝင် ပြည်နယ်၊တိုင်းအားလုံး၌ အေးအတူပူအမျှ အတူတကွ နေထိုင်နေကြသည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ ထောက်ထားမှု၊ ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့် ညီညွတ်မှုအင်အား၏ အကျိုးရလဒ်များသည် ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ချစ်ကြည်ရင်းနှီးမှုပင်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး သံသယပွားနေရမှု၊ ထိပ်တိုက်ရင်ဆိုင် ပဋိပက္ခဖြစ်ပွားနေရမှုတို့ လွှမ်းခြုံခဲ့ရသည့် အတိတ်သမိုင်း၏ ဆိုးကျိုးများသည် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့၏ ဆန့်ကျင်ဘက် လူမှုအနိဋ္ဌာရုံများပင်ဖြစ်ကြောင်း။

ပြည်သူအားလုံးသည် တစ်ဦးချင်းအရ မိမိဘဝဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကို တပ်မက်မြတ်နိုးသလို မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးအတွက် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြစမြဲဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်လိုက်လျောညီထွေစွာ ယနေ့ပြည်ထောင်စုတစ်ဝန်း၌ နိုင်ငံတော်အစိုးရရော ပြည်သူများပါ ညီညီညွတ်ညွတ် ပူးပေါင်းပြီး ကိုယ့်ခွန်ကိုယ်အားဖြင့် တည်ဆောက်နိုင်ခဲ့သည့်အတွက်

စာမျက်နှာ ၁၂ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ၊ တံတားဆောက်လုပ်ရေး စီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားဖွင့်ပွဲ မုခ်ဦးရှေ့တွင် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (မြန်မာ့အလင်း)

7-7 (11).p65 1 3/24/05, 8:16 PM

ချော့တိုင်းလည်း မပျော့နဲ့

စာမျက်နှာ ၁၁ မှ

ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာမှုများ မျက်မြင်တွေ့ရှိခံစားနေရပြီဖြစ်ကြောင်း၊ ပြည်ပအကူအညီအပေါ် မမှီခိုဘဲ ရုန်းကန်တည်ဆောက်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာမှုများသည် ပြည်ပလောင်းရိပ်ကင်းသော ကိုယ်ပိုင်အသီးအပွင့်ရတနာများပင်ဖြစ်ကြောင်း၊ မိမိတို့၏ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ခံယူချက်များဖြင့် ကြိုးစားပမ်းစား ဖန်တီးပျိုးထောင်ထားမှုများပင်ဖြစ်ကြောင်း။

အပြုတရားနှင့် အဖျက်တရား၊ အကောင်းနှင့်အဆိုး၊ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့ကို လက်တွေ့ကွဲကွဲပြားပြားရှင်းရှင်းလင်းလင်း သုံးသပ်ရှုမြင်ပြီး မိမိတို့အပင်ပန်းခံပြီး ဖန်တီးထားသည့် တိုးတက်မှုအသီးအပွင့်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဝံ့ဝံ့ကြွားကြွား အခွန့်ရှည်စွာ ရပ်တည်နိုင်ရေး၊ ပြည်သူတစ်ရပ်လုံးလူနေမှုဘဝအဆင့်အတန်းပြည့်စုံမြင့်မားရေးစသည့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ရည်မှန်းချက်များကိုလည်းမဖြစ်မနေ ဆက်လက်ဝိုင်းဝန်းတည်ဆောက် ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ဒါးကတံတားကို တာဝန်ယူတည်ဆောက်ပေးသည့် တာဝန်ခံ အဆင့်ဆင့်နှင့် ဝန်ထမ်းများအား လည်းကောင်း၊ အားပေးအထောက်အကူပြုခဲ့သည့် ဒေသခံများအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင် အရင်းအနှီးများဖြင့် တည်ဆောက်ခဲ့ရသည့် ဒါးကတံတား အပါအဝင် ဧရာဝတီတိုင်းရှိ တံတားများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကား ပြောကြားရာ၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် တိုင်းပြည်တစ်ပြည်၏ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုကို တိုးတက်ဖြစ်ပေါ်စေကြောင်း၊ ထို့ပြင် တိုင်းရင်းသားအချင်းချင်း ထိတွေ့မှု များလာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း ဖြစ်ပေါ်စေမှာဖြစ်ကြောင်း။

ယနေ့ဆိုလျှင် နိုင်ငံတော်အနေဖြင့် ငွေကျပ်သန်းပေါင်း ၇၉၃၉၄ နှင့် အမေရိကန်ဒေါ်လာ ၁၄၇၁သမ ၉၀၇ သန်း အကုန်အကျခံပြီး တစ်နိုင်ငံလုံး၌ လမ်းနှင့် တံတားများ တည်ဆောက်ပေးခဲ့ကြောင်း၊ လမ်းဆိုလျှင်လည်း တစ်နိုင်ငံလုံး ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင် ၁၃၆၃၅ မိုင်ရှိပြီး ၁၉၈၈ နောက်ပိုင်း ယနေ့ထိ လမ်းမိုင် စုစုပေါင်း ၄၄၇၇ မိုင် တိုးတက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းအတွင်း မြေလမ်းမှ ကတ္တရာလမ်းအထိယခင် မိုင် ၄၄၀သာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၁၃၂၈ မိုင်ထိ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၈၈၇ မိုင် တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တံတားအနေဖြင့် ပြည်နယ်နှင့်တိုင်း အားလုံး၌ ပေ ၁၈၀ အထက် တံတားပေါင်း ၁၅၇ စင်း တည်ဆောက်ပြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း တည်ဆောက်ပေးပြီးဖြစ်သည့် တံတား ၃၉ စင်းအတွက် သုံးစွဲခဲ့ရသည့် ငွေကြေးသည် ငွေကျပ်သန်း ၁၉၄၂၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ဖြစ်ကြောင်း နှင့် ဤဒါးကတံတားကြီး သက်တမ်းပြည့်အသုံးပြုသွားနိုင်အောင် ဝိုင်းဝန်း စောင့်ရှောက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် လမ်းတံတားများ တည်ဆောက်ပေးလျက်ရှိသဖြင့် ဒေသအသီးသီး၏ လူမှုရေးနှင့် စီးပွားရေးဘဝ တိုးတက်မှုများ ရရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ဧရာဝတီတိုင်းသည်လည်း ဤအကျိုးကျေးဇူးများကိုခံစားနေရပြီဖြစ်ကြောင်း။

လမ်းများ ဖောက်လုပ်ပြီးသည်နှင့် အညီတံတားကြီးများကိုလည်းတိုးတက်တည်ဆောက်ပေးလျက် ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် ဒါးကတံတားသည် တိုင်းအတွင်း ပေ ၁၈၀ အထက် တံတားကြီးများအနက် ၃၉ စင်းမြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဖျာပုံမြစ်ကူး ဖျာပုံတံတားကိုလည်း နှစ်နှစ်ကာလအတွင်း တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်မှာဖြစ်ကြောင်း၊ အခြားမြစ်ကူး ချောင်းကူး တံတားကြီးများဖြစ်သည့် အိမ်မဲမြို့နယ် ကျွန်းကုန်းတံတား၊ ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်တံတား၊ ငဝန်မြစ်ကူး မြို့ကွင်းတံတားနှင့် ငဝန်မြစ်ကူး ပုသိမ်တံတားများကိုလည်း တစ်စင်းပြီး တစ်စင်း ဆက်လက် တည်ဆောက်သွားမှာဖြစ်ကြောင်း။

ဒါးကတံတား မတည်ဆောက်ခင်က ကန်ကြီးထောင့်၊ ကျောင်းကုန်းဒေသရှိ ပြည်သူများသည် မီးရထားလမ်းနှင့် ရေလမ်းကိုသာ အားထားခဲ့ရကြောင်း၊ ယခုတံတားတည်ဆောက်ပြီးသည့်အတွက် ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်ကို အလွယ်တကူ ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း၊ ပုသိမ်–ရန်ကုန်လမ်းအတိုင်း ရန်ကုန်မြို့ကို သုံးနာရီ၊ သုံးနာရီခွဲအရောက် အလွယ်တကူ သွားနိုင်တော့မှာ ဖြစ်သကဲ့သို့ ပုသိမ်–ဟင်္သာတ၊ ပုသိမ်–မအူပင်–ဖျာပုံမြို့များကိုလည်း အချိန်တိုတိုအတွင်းတွင် သွားလာနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်မှ ပုသိမ်၊ငွေဆောင်၊ချောင်းသာ အပန်းဖြေစခန်းများကို နေ့ဝက်ခရီးဖြင့် သွားလာနိုင်သကဲ့သို့ နေ့ချင်းပြန်ခရီးဖြင့်လည်း သွားလာနိုင်မှာဖြစ်သည့်အတွက် အပန်းဖြေစခန်းများသည် ပိုမို ဖွံ့ဖြိုးတိုးတက်ပြီး အပန်းဖြေလာရောက်သူများ စိတ်ချမ်းမြေ့စွာဖြင့် အလွယ်တကူ သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးကအစ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ရိုးသားကြိုးစားဆောင်ရွက်

ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ငါးပုံတစ်ပုံ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေရပြီး နိုင်ငံတော်၏ စီးပွားရေးကို တာဝန်ခံ ဆောင်ရွက်ပေးနေသည့် အဓိက တိုင်းကြီး ခြောက်တိုင်းအနက် ရှေ့တန်းက တာဝန်ယူနေရသည့် တိုင်းဖြစ်ကြောင်း၊ ဤအတွက် ဧရာဝတီတိုင်းသားများအနေဖြင့်ဂုဏ်ယူစရာကောင်းသကဲ့သို့အင်မတန်မှတာဝန်လည်းကြီးကြောင်း၊ ဤတာဝန် ကြီးကို အောင်မြင်အောင်ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ဧရာဝတီတိုင်းသည် ရှေးယခင်ကာလက “နိုင်ငံတော်ရဲ့ စပါးကျီ” နိုင်ငံတော်ရဲ့ထမင်းအိုးကြီးဟု တင်စားခေါ်ဝေါ်ခဲ့ရာမှ ယခုအခါ စပါးကျီသာမက မွေးမြူရေးကဏ္ဍတိုးတက်ဖြစ်ထွန်းလာသည့်အတွက် “ဟင်းအိုးကြီး”ဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်၍ စေတနာထားဆောင်ရွက်ပေးနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရအား ဧရာဝတီတိုင်းသားများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဧရာဝတီတိုင်းသားများအနေဖြင့်လည်း “ရိုးသားကြိုးစား ဧရာဝတီသား”ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ကျေးဇူးကို ဆပ်သည့် အနေဖြင့် တံတားကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကိုလည်း ပိုမိုတိုးတက်အောင်မြင်အောင် ရိုးသားကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒါးကတံတား တည်ဆောက်ပြီးစီး၍ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်လာခြင်းနှင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများကိုယ်စားဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးဉာဏ်လင်းက ကျေးဇူးတင်စကား ပြောကြားသည်။

တက်တက်ကြွကြွအလုပ်လုပ်ကြ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက နှုတ်ဆက်စကား ပြောကြားရာ၌ တံတားဖွင့်ပွဲ အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဖြစ်ပေါ်မှုအခြေအနေများကို ထင်ဟပ်ပြီး ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် စောထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးတို့ကလည်း မိမိတို့ဝန်ကြီးဌာနအလိုက်၊ တိုင်းနယ်မြေအလိုက် အစီအမံရှိရှိ လုပ်ကိုင်ဆောင်ရွက်နေမှုနှင့်တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ဧရာဝတီတိုင်းမှ ဒေသခံပြည်သူတစ်ဦးကလည်း ဒါးကတံတားတည်ဆောက်မှုအပါအဝင်နိုင်ငံတော်အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်ပေးမှုများအပေါ် ကျေးဇူးတင်ရှိကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသွားကြပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ မင်္ဂလာရှိသည့် တံတားတည်ဆောက်ဖွင့်လှစ်သော အခမ်းအနားနှင့် နိုင်ငံတော်အတွင်း တံတားကြီးများ တစ်စင်းပြီးတစ်စင်း ဆောက်လုပ်ပြီးစီးနေသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများအပေါ် နိုင်ငံတော်ကို ချစ်မြတ်နိုးသူတိုင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသူတိုင်းသည် မိမိတို့နှင့်အတူ ဂုဏ်ယူဝမ်းမြောက်ဝမ်းသာဖြစ်နေကြမှာဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံကဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ ကြိုးစားပမ်းစား တည်ဆောက်လုပ်ကိုင်နေချိန်ကာလ၌ အလေးအနက်သုံးသပ်ခံယူရမည့်အပိုင်းများ ရှိကြောင်း။

နိုင်ငံတော်ကို ပြောင်းလဲတည်ဆောက်ပြီး ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ပြည့်စုံမြင့်မားလာအောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ ထက်မြက်သော ဦးစီးဦးဆောင်ပြုနိုင်မှု၊ကျယ်ကျယ်ပြန့်ပြန့် မြော်မြင်တွေးဆနိုင်မှု၊ အလုပ်ကို ဖိဖိစီးစီး မနားမနေလုပ်ကိုင်နိုင်မှုတို့နှင့် ပြည့်စုံသည့် နိုင်ငံခေါင်းဆောင်မှုအပိုင်း လိုအပ်သကဲ့သို့ နိုင်ငံသားပြည်သူများ၏ တက်တက်ကြွကြွ အလုပ်လုပ်မှုသည်လည်းလိုအပ်ကြောင်း။

နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ နားလည်မှုရှိရှိ ပူးပေါင်း လုပ်ကိုင်ဆောင်ရွက်နိုင်သည်နှင့်အမျှ အေးချမ်းသာယာသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးဆိုသည့် မိမိတို့အမျိုးသားရည်မှန်းချက်ကို မလွဲမသွေ အမြန်ရောက်ရှိမှာဖြစ်ကြောင်း။

ယခုအခါမိမိတို့နိုင်ငံ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့သည် အရှိန်အဟုန်ရှိရှိ တိုးတက်မြင့်မားနေချိန်၌ ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ပျက်စီးအောင် ကြံစည်လုပ်ကိုင် ဆောင်ရွက်နေကြသည့် အဖျက်သမားများ ရှိနေသည်မှာ ဝမ်းနည်းစရာကောင်းကြောင်း။

ယင်းအဖျက်သမားများ၏ ကြံစည်လုပ်ကိုင်မှုများသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူ၏အကျိုးစီးပွားနှင့် ယှဉ်၍ကြည့်ပါက နိုင်ငံတော်၏ အန္တရာယ်၊ ပြည်သူများ၏ အန္တရာယ်များပင်ဖြစ်ကြောင်း။

တာဝန်သိသူနှင့် တာဝန်မဲ့သူ၊ သစ္စာရှိသူနှင့်သစ္စာမဲ့သူ၊ မိတ်ဆွေနှင့်ရန်သူ၊ အပြုနှင့်အဖျက် ခွဲခွဲခြားခြားရှုမြင်သုံးသပ် သိမြင်ကြပြီး မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်၌ ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆက်လက်ကြိုးပမ်းအားထုတ် လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံးသည် မိမိတို့၏ တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုကို မြှင့်တင်ပြီး အဖျက်သမားများ၏ အန္တရာယ်ကို သတိထားဖယ်ရှားရင်း ရပ်ရွာအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော် အကျိုးကို ဆက်လက် သယ်ပိုးသွားကြရမှာဖြစ်ကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁



ဒါးကတံတား ညအလှမြင်ကွင်း

ဒါးကတံတား ဖွင့်ပွဲမတိုင်မီ ညအလှမြင်ကွင်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)



ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေး ပထမနေ့ အစီအစဉ်များ ကျင်းပစဉ်။ (သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးစတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးကို ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားတော်မူပြီး အစည်းအဝေး ထမြောက် အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တ သောဘိတ မိန့်ကြားတော်မူအပ်သော သာရဏီယ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက ဖတ်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၈၀ ပြည့်နှစ်မှစ၍ အခိုင်အမာ ဖွဲ့စည်းနိုင်ခဲ့သော သံဃာအဖွဲ့အစည်းအဆင့်ဆင့်သည်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဦးစီးဦးဆောင်မှုဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စများကို သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ပညာရေးရာ၊အထွေထွေရေးရာဟူ၍ အပိုင်းလေးပိုင်း ခွဲခြားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် "ညီညွတ်သော သံဃာတော်တို့၏ အကျင့်သည် ချမ်းသာကြောင်းဖြစ်၏" ဟူသော ဗုဒ္ဓဒေသနာတော်နှင့်အညီ ဆရာတော်ကြီးများ ဆောင်ရွက်တော်မူနေကြသည်ကို ဖူးမြော်ရပါသဖြင့် အထူးပင်ကြည်ညိုသဒ္ဓါပွားကြရပါကြောင်း။

ရှေးရှေးသော မင်းကောင်းမင်းမြတ်များနည်းတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် ဗုဒ္ဓသာသနာတော်မြတ်ကြီးကို အားပေးချီးမြှင့်လျက်ရှိရာ သာသနာရေးရာများ ဆောင်ရွက်မှုအပိုင်းတွင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြကုန်သော ဆရာတော် သံဃာတော်အရှင်မြတ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဆွမ်းဆန်တော်များ၊ သာသနာပြု အခမဲ့ခရီးသွားယာဉ်လက်မှတ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ရရှိခြင်း၊ ပြုပြင်မွမ်းမံ အသစ်တည်ဆောက်ထားသော ခမ်းနားထည်ဝါပြီး ကြည်ညိုဖွယ်ဆောင်သည့် စေတီပုထိုး၊ ကျောင်း၊ ကန် စသော သာသနိကအဆောက်အအုံများ ဖြစ်ပေါ်လာခြင်း စသည်ဖြင့် သာသနာတော်၏ အောင်မြင်မှုအကျိုးကျေးဇူးများကို အားလုံးမြင်တွေ့ခံစားနေကြရပြီဖြစ်ပါကြောင်း။

ထို့ပြင် ဝိနိစ္ဆယရေးရာများ ဆောင်ရွက်မှုအပိုင်းတွင် သာသနာတော်ကို ခုတုံးလုပ်၍ မိမိတို့၏ ကိုယ်ကျိုးစီးပွားအတွက် မသိနားမလည်သော ပုဂ္ဂိုလ်အချို့အား စည်းရုံးဆွဲဆောင်သည့် အဓမ္မဝါဒဆိုးကြီးများကို ဖော်ထုတ်အရေးယူနိုင်ခဲ့သဖြင့် ဓမ္မဝါဒ တရားစစ် တရားမှန်များ ထွန်းကားလာခြင်း၊ ရဟန်းတု ရဟန်းယောင်များကို သံဃာ့ဥပဒေဖြင့် အရေးယူနိုင်ခဲ့သဖြင့် ရဟန်းကောင်း ရဟန်းမြတ်များ စိတ်အေးချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း စသည့် ဝိနိစ္ဆယရေးရာ ဥပဒေများ၏ အကျိုးအာနိသင်များကိုလည်း အထင်အရှား ရရှိနေကြပြီဖြစ်ကြောင်း။

အလားတူ ပညာရေးရာ ဆောင်ရွက်မှုအပိုင်းတွင်လည်း ပရိယတ္တိပညာတိုးတက်မြင့်မားစေရန် ဗဟိုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်း၍ စာမေးပွဲများကို ကျင်းပပေးခဲ့ရာ အရေအတွက်ထက် အရည်အချင်း ပြည့်ဝသော အထူးအောင်ပုဂ္ဂိုလ်များ မွေးထုတ်နိုင်ခဲ့ခြင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် မရှိသေးသော အဆင့်အမြင့်ဆုံး တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲကြီးတွင် စာအောင် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ကိုးပါးအထိ ပေါ်ထွန်းလာခဲ့ခြင်း၊ ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ မဟာသင်္ဃိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးများ ထင်ရှားစွာပေါ်ထွန်းလာခဲ့ခြင်း၊ မြန်မာနိုင်ငံအနှံ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲများ ကျင်းပခွင့်ရခြင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ဖွင့်လှစ်ခွင့်ရခြင်း စသည်ဖြင့် ပညာရေးရာ အောင်မြင်မှုရလဒ်များကို ထူးထူးခြားခြား ရရှိခံစားနေကြရပြီ ဖြစ်ပါကြောင်း။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်မှုများကို အရှိန်အဟုန်မပျက် ကြိုးပမ်း အားထုတ်ခဲ့မှုများကြောင့် ကမ္ဘာပေါ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံများအနက် အထင်ရှားဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဗုဒ္ဓဘာသာ ထွန်းကားရေး ကြိုးပမ်းအားထုတ်မှုများတွင်လည်း တိုးတက်ပါဝင်လာသည်ကို တွေ့နိုင်ပါကြောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများကို ၁၉၉၈ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ရာတွင် ဒုတိယအကြိမ်၊ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများသို့ မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါကြောင်း၊ ယခုလာမည့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို မြန်မာနိုင်ငံက ဂျပန်ဗုဒ္ဓဘာသာအဖွဲ့နှင့် ပူးပေါင်း၍ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ လိုအပ်သည်များကို အထူးစီမံဆောင်ရွက်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲပြန့်ပွားနေစေရန်အတွက် ဆရာဒကာ လက်တွဲညီညာစွာ ဆောင်ရွက်ပါမည့် အကြောင်းနှင့် ဆရာတော်ကြီးများ သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်များကို ဆတက်ထမ်းပိုးတို၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် လျှောက်ထားသွားသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ ကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိက တင်သွင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာနှင့် ပညာရေးရာကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများက သာသနာရေးရာကဏ္ဍ၊ ဝိနိစ္ဆယရေးရာကဏ္ဍ၊ ပညာရေးရာကဏ္ဍနှင့်အထွေထွေရေးရာကဏ္ဍတို့ကို ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ဇူလိုင် ၃ ရက်တွင် ရွှေပေါက်ကံမြို့သစ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဦးသန်းရွှေ-ဒေါ်နီနှင့် သမီး မနုနုဝေ မိသားစုက လည်းကောင်း၊ ဇူလိုင် ၄ ရက်တွင် ရန်ကုန်မြို့ လသာလမ်း အမှတ် ၂၁၂ နေ ဦးဝင်းသင်က လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းနေ ဒေါက်တာ အေးကျော်က လည်းကောင်း၊ ယနေ့တွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်း အမှတ် ၂၃ နေ ဦးကြည်ညွန့် (ဒုတိယဝန်ကြီး၊ ငြိမ်း) ဒေါ်အေးမြင့် မိသားစုက လည်းကောင်း ဆွမ်းခဲဖွယ် ဘောဇဉ်များဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဇူလိုင် ၆ ရက်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မဟာစည်သာသနာ့ရိပ်သာဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဆရာတော်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၆

ဗဟန်းမြို့နယ် အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း မဟာစည် သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေး အဖွဲ့တို့ စုပေါင်း၍ (၅၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ကြီး၏ (၉၉) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲတို့ကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၈ နာရီတွင် ဖလ်ယဉ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ထို့နောက် ဇူလိုင် ၁၂ ရက် (စနေနေ့) ညနေ ၃ နာရီတွင် ဆွမ်းတော်ကြီးပွဲများ ပေးပို့လှူဒါန်းနိုင်ခြင်းနှင့် ဝါဆိုသင်္ကန်းအတွက် ဆက်သွယ် လှူဒါန်းလိုသူများသည် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ရုံးသို့ လည်းကောင်း၊ ဖုန်း-၅၄၁၉၇၁၊ ၅၄၅၉၁၈ တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စာမျက်နှာ ၁၂ မှ

ထို့အပြင် အချို့အနောက်နိုင်ငံကြီးများက ၎င်းတို့၏အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး နိုင်ငံငယ်များကို လွှမ်းမိုးခြယ်လှယ်နိုင်အောင် ကြိုးပမ်းနေမှုများရှိသည်ကိုလည်း သတိထားရန်လိုကြောင်း၊ အခြားနိုင်ငံများ၏ ကောင်းစားရေးကို လိုလားသယောင်၊ အကူအညီအထောက်အပံ့များ ပေးတော့မယောင် ပြန်ကြားရေးမီဒီယာများမှ တစ်ဆင့် အသံကောင်းဟစ်လျက်ရှိကြောင်း။

ယင်းနိုင်ငံကြီးများ၏ ပရိယာယ်ကိုနားလည်သိရှိပြီး မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွား၊ မိမိနိုင်ငံ၏ ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်များကို ကာကွယ်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တံတားဖွင့်လှစ်မည့် တံတားထိပ်မုခ်ဦး၌နေရာယူကြသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်းတို့က ဖဲကြိုးဖြတ်၍ ဒါးက တံတားကိုဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တံတားဆောက်လုပ်ရေးစီမံကိန်းမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ဖွင့်ပွဲအခမ်းအနားကျင်းပသည့် မုခ်ဦးရှေ့၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဒါးကတံတား ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြပြီး တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

ဒါးကတံတား

ဒါးကတံတားကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၄) မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးအွန်ဇပါ ဦးဆောင်သည့် အင်ဂျင်နီယာ ဝန်ထမ်းများ၊ကျွမ်းကျင်ဝန်ထမ်းများက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတား တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ၂၄-၂-၂၀၀၁ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၅-၅-၂၀၀၃ ရက်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့သည်။

တံတား၏ စုစုပေါင်း အရှည်မှာ ပေ ၁၄၀၀ ရှိသည်။ တံတား၏ ယာဉ်သွားလမ်း အကျယ်မှာ၂၈ပေရှိပြီး တစ်ဖက်လျှင် ငါးပေစီကျယ်သည့် လူသွားလမ်းတို့ပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၇၈ပေရှိပြီး အမြင့် ၁၆ပေရှိသည်။

ဒါးကတံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ခံနိုင်ဝန်အားရှိ တံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ **(သတင်းစဉ်)**

အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းကကြီးမှူး၍ အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၃)ကို ဇူလိုင်၂၁ရက်မှ ၃၁ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အခြေခံပန်းအလှပြုပြင်မှုသင်တန်းဆင်းပြီးသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်မွန်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ငွေကျပ် ၅၅၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင်ငွေကျပ် ၆၀၀၀စီသတ်မှတ်ထားရာအသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၆

ကယားပြည်နယ် လွိုင်ကော်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၈၁)၌ ဝါဆိုလပြည့်ကျော် ၉ ရက်မှ ၁၅ရက်အထိ၊ ဝါခေါင်လပြည့်ကျော် ၉ရက်မှ တော်သလင်းလဆန်း ၁ရက်အထိ၊ တော်သလင်းလပြည့်ကျော် ၉ ရက်မှ၁၅ ရက်အထိ ခုနစ်ရက် တရားစခန်းပွဲများကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ကေသဝ(ပျော်ဘွယ်)သည် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး မြတ်တရားကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အိုလံပစ်ဂျာနယ် အမှတ်(၃၀၅)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၆

အားကစားကလောင်ရှင်ကိုထွေး၏ ဆယ်နှစ်ကြာသောအခါ၊ မြန်မာနှင့်ဗီယက်နမ်ဆုံတွေ့မှုကို ပြန်ပြောင်းလေ့လာကြည့်သော်၊ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းအတွေ့အကြုံကောင်းများ ရရှိခဲ့သည့် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ ပြည်တွင်းအားကစားသတင်းများ၊ မြန်မာပရိသတ်နှင့် ဒေးဗစ်ဘက်ခမ် ဂယက်များ၊ ဘောလုံးကွင်းထဲမှာ ကွယ်လွန်ခဲ့ရှာတဲ့ဗီဗီယန်ဖိုး၊ အင်္ဂလန်မှာ မန်ယူကိုဘယ်သူပြိုင်မလဲ၊ပြင်သစ်ဗိုလ်စွဲသွားတဲ့ ကွန်ဖက်ဒရေးရှင်းဖလားပွဲ၊ ဘာဆီလိုနာကို ဆွဲတင်မယ့် ဖရန့်ရီကတ်၊ အပြောင်းအလဲမြန်လွန်းတဲ့ ဖီဖာ၊ ဒေးဗစ်ဘက်ခမ်အကြောင်း သတင်းဆောင်းပါးများနှင့်နိုင်ငံတကာ ဘောလုံးသတင်းများ ဝေဝေဆာဆာ တင်ဆက်ထားသည့် အိုလံပစ်ဂျာနယ် **(အပေါ်ပုံ)**ကို ဆင်တောင်ကြီးစာပေက မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က-ပ)**



စာပေမွေ့သူ စာအုပ်တိုက် အမှတ် ၁၇၃၊ ၃၆ လမ်း(လယ်) ရန်ကုန်မြို့မှ တန်ဖိုး ကျပ် ၇၅၀ ဖြင့် ဖြန့်ချိလိုက်သည့် ဆရာဦးအောင်သိန်းဟန်၏ အကျိုးအကြောင်း အဆိုးအကောင်း စာအုပ်မျက်နှာဖုံး။ (က-ပ)

ဇူလိုင်၆ရက်ကမြောက်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၂-၂၀၀၃ခုနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အထက(၁) မြတ်ခရေခန်းမဆောင်၌ကျင်းပရာ စုဆောင်းငွေအပေါ် အကျိုးခံစားရငွေ ကျပ် ၁၁၃၃၀၅၀ကို အသင်းဥက္ကဋ္ဌက အသင်းသား ကိုယ်စားလှယ် တစ်ဦးအား ပေးအပ်စဉ်။ (က-ပ)

(၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ ဖိတ်ကြားလွှာ

ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင်အုတ်ခွက်ဘုရားကြီး သီတင်းသုံးတော်မူသော အေးချမ်းအောင်မြင် ငွေကျောင်းတော်ကြီးတွင် ဘုရားအမှူးပြု၍ ဝါကပ်တော်မူကြသည့် အေးချမ်းအောင်မြင်ငွေကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဂန္ဓ၊ ညီတော် ဘဒ္ဒန္တ ဇောတိကနှင့်တကွ ပင့်သံဃာအပါး (၁၅၀) တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်မည် ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ဝါဆိုလဆန်း (၁၄)ရက် (၁၂-၇-၂၀၀၃) စနေနေ့

အချိန် – နံနက် (၅)နာရီတွင် အရုဏ်ဆွမ်းဆက်ကပ်၍ နံနက် ၆နာရီအချိန်တွင် ဝါဆိုသင်္ကန်းလှူဒါန်းပြီး ရေစက်သွန်းချအမျှဝေပါမည်။ နံနက်(၇)နာရီမှ မွန်းတည့် (၁၂)နာရီထိ ဝါးကျောင်းမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

နေရာ – အေးချမ်းအောင်မြင်ငွေကျောင်း၊ နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

* ကုသိုလ်ပါဝင်လှူဒါန်းလိုသူများ ဖုန်း-၇၂၄၄၈၂၊ အေးချမ်းအောင်မြင်ငွေကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

(အေးချမ်းအောင်မြင်ငွေကျောင်း၊ အကျိုးတော်ဆောင်အဖွဲ့)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့တို့၏ သားတပည့်၊
ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ ၁၂ ရပ်ကွက်၊ တိုက် ၁၃၊ အခန်း ၁၃၊ စက်မှုရိပ်သာနေ
ဦးမြင့်အောင်(ဂုန်နီစက်ရုံ၊ငြိမ်း)-ဒေါ်ထွေးသိန်းတို့၏သား

ဗိုလ်ကြီးသန်းစိုးအောင် B.A(History)

နှင့်

မိုးညှင်းမြို့၊ နားခါးတောင်ရပ်နေ ဒေါ်ဌေး၊ ဒေါ်လှတို့၏မြေး၊
မြစ်ကြီးနားမြို့ အောင်နန်းရပ်နေ ဦးလှဝင်း(ခ)ချိုလေး(မြန်မာ့မီးရထား)-ဒေါ်မြင့်မြင့်စိန်(အောင်သုခသစ်ဆိုင်)
တို့၏သမီး

မစုစုဝင်း B.A(History)

တို့၏ ၇-၆-၂၀၀၃ ရက်(စနေနေ့)တွင် မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပြီး မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် အောင်လက်ထပ်လက်စွပ်ဆင်မြန်းပေးသော တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့၊ မင်္ဂလာလက်ဖွဲ့ပေးပို့ပေးပါသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေး၊ ဗိုလ်မှူးချုပ်ဘိုကြည်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့်ဇနီး၊ အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဗိုလ်မှူးဝင်းသူ၊ သတို့သား၊သတို့သမီး အရန်များ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကူညီပံ့ပိုးသူများအား လိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသန်းစိုးအောင်-မစုစုဝင်း

သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၆

လူငယ်လူရွယ်များအတွက်လေအေးပေးစက်နှင့် ရေခဲသေတ္တာ လက်တွေ့သင်တန်း၊အီလက်ထရောနစ်သင်တန်း (TV,CD,VCD,DVD, Satellite) နှင့်လက်တွေ့အသုံးချလျှပ်စစ်သင်တန်းသစ်များကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် Cosmic Engineering Group Training and Service°Centreအမှတ်၃၁၊ဓမ္မဝိဟာရလမ်း၊ကျောက်မြောင်း(ကျောက်မြောင်းဈေးအနီး)၊ဖုန်း-၅၄၉၈၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မောင်ဇုန်အောင်

B.A (Eco),MPA

(Third Year Dip in French (U.F.L) နှင့်

မနန်းဆုလှိုင်

B. Com. (Third Year Dip in Thai (U.F.L) တို့သည်

နှစ်ဖက်သောမိဘများနှင့်

ဆေးခြောက်ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇူလိုင် ၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ၂၀၀၂ ခုနှစ် မေ ၁၅ ရက် ည ၁၀ နာရီတွင် ကော့ကဒွတ်ကျေးရွာနေ ကိုနိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပီနံအိတ်ဖြင့် ထည့်ထားသော ဆေးခြောက် ၄ ဒသမ ၆၇၀၂ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဘီးလင်းမြို့နယ် ကော့ကဒွတ် ကျေးရွာနေ ဦးထွန်းတင်၏သား ကိုနိုင်(ခ) နိုင်နိုင်ထွန်းနှင့် တစ်ရွာတည်းနေ ကွင်းဆက်တရားခံမောင်ထွန်း၏ သားတင်မြင့်တို့အား တောင်စွန်း ရဲစခန်းက မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၂၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၆(ဂ)/၁၉(က)အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို သထုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဧပြီ ၄ ရက်တွင် တရားရုံးက တရားခံ ကိုနိုင်(ခ)နိုင်နိုင်ထွန်းအား မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်နှစ်ရပ်အပေါ် သီးခြားစီကျခံစေရန်နှင့် တရားခံတင်မြင့်အား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရထောင်ဒဏ်၂၅နှစ်ကျခံစေရန်ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချစ်ကြည်ရေးခြေစမ်းပွဲ ဂျပန်အနိုင်ရ

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ဂျပန်နိုင်ငံ Jfl Selection Team အသင်းတို့ ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ဂျပန်နိုင်ငံ Jfl Selection Team တို့ ယှဉ်ပြိုင်ကစားကြရာ ဂျပန်နိုင်ငံ Jfl Selection Team အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သည့် မွေးမြူရေးရာ ပြန်ကြားလွှာအစီအစဉ်ကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်ခဲ့ရာတွင် ပြည်သူများ သိလိုသမျှ မေးမြန်းချက်များအပေါ် လေ့ကျင့်ပညာပေးရေးဌာနစိတ် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာခင်ဆွေဝင်းနှင့် ဒေါက်တာသန်းသန်းဝင်းတို့၏ ဖြေကြားချက်ကို ပြန်လည်ဖော်ပြလိုက်ပါသည်။

စာတည်းမှူး။

မွေးမြူရေးရာ ဖြေကြားလွှာ

မေး ဆရာမခင်ဗျား-

(၁) နွားများကို ယူရီးယား သကာတုံးကျွေးသည့်အခါ ဘယ်လိုအကျိုးကျေးဇူးများ ရရှိနိုင်ပါသလဲခင်ဗျာ။

(၂) သကာတုံးများကို လိုတာထက်ပိုပြီးစားမိခဲ့လျှင် ဘယ်လိုအန္တရာယ်များ ရှိနိုင်ပါသလဲဆိုတာ သိရှိလိုပါ၍ပြည့်စုံစွာ ဖြေကြားပေးစေလိုပါသည်ခင်ဗျား။

(ဦးဝင်းသိန်း၊ သမြေပြလှစ်ပြကျေးရွာ၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း)

ဖြေ ဟုတ်ကဲ့ရှင့်၊ ပထမမေးခွန်းကိုဖြေကြားပေးရမည်ဆိုလျှင် နွားများကို ယူရီးယားသကာတုံးကျွေးသည့်အခါမှာ စနစ်တကျ ကျွေးမွေးမည်ဆိုလျှင် လိုအပ်သောအာဟာရကို အပြည့်အဝရရှိနိုင်သည့်အတွက် အင်အားပြည့်ဖြိုး၍ ခိုင်းအားတိုးတက်စေသည့်အပြင် နို့ထုတ်လုပ်မှုကိုလဲ တိုးတက်စေပါသည်။

- နို့စားနွားမများတွင် နို့ထွက်ရာခိုင်နှုန်း ၂၀ တိုးခြင်း၊
- ဓါးပြန်ရနှုန်းမြန်၍ သားပေါက်နှုန်း ကောင်းခြင်း၊
- ကျွဲ၊နွား၊ သိုး၊ ဆိတ်များ ကျန်းမာဝဖြိုးခြင်း၊
- ကျွဲ၊ နွား၊ သိုး၊ ဆိတ်(တိရစ္ဆာန်)ငယ်များ ကြီးထွားနှုန်း ကောင်း၍ အရွယ်ရောက်စောခြင်း၊
- ခိုင်းနွားများ လုပ်ငန်းခွင်စွမ်းအား တိုးတက်လာခြင်း စတဲ့အကျိုးသက်ရောက်မှုများ ရရှိနိုင်ပါသည်။

ယူရီးယား သကာတုံးကို-

- ကျွဲ၊ နွားကြီးတစ်ရက်လျှင် (၂၀-၅၀)ကျပ်သားခန့်
- ခြောက်လအထက် ကျွဲ၊နွားငယ် တစ်ရက်လျှင်(၉-၁၅)ကျပ်သားခန့်
- သိုး၊ ဆိတ် တစ်ရက်လျှင် (၄-၆)ကျပ်သားခန့် တစ်နှစ်ပတ်လုံး မည်သည့် ရာသီမဆိုကျွေးနိုင်ပါတယ်။

ယူရီးယားသကာတုံးသည် အာဟာရဖြည့်စွက်စာဖြစ်၍ အစာနှံ၊ ဒါမှမဟုတ် အစာကြမ်းများနှင့်တွဲဖက် ကျွေးမွေးရပါမည်၊ ရေလုံလုံလောက်လောက် သောက်နိုင်အောင် ထားပေးရပါမည်။

ဒုတိယမေးခွန်းဖြစ်သော ယူရီးယားသကာတုံးကို အလွန်အကျွံ စားမိလျှင်တော့ အဆိပ်အတောက်ဖြစ်စေတတ်ပါသည်လို့ ဖြေကြားရပါမည်။ ပြည့်စုံစွာဖြေကြားပေးရမည်ဆိုလျှင်တော့ အဆိပ်သင့်သည့်အခါ-

- ပါးစပ်တစ်ဝိုက်မှာ အမြှုပ်ထွက်ခြင်း၊
- နွားရဲ့ဘယ်ဘက်အခြမ်းအစာအိမ်ရောင်ခြင်း၊
- မအီမသာဖြစ်၍ အသက်ရှူကျပ်ခြင်း၊
- ဒယီးဒယိုင်ဖြစ်ခြင်း၊
- အကြောဆွဲခြင်းစတဲ့ လက္ခဏာများကို တွေ့ရှိနိုင်ပါသည်။

ယူရီးယားအဆိပ်သင့်လက္ခဏာဖြစ်သည့် အထက်ဖော်ပြပါလက္ခဏာများကို တွေ့ရသည်ဆိုလျှင်တော့ တိရစ္ဆာန်များကို ကျွေးထားသောသကာတုံးကို ချက်ချင်းဖယ်ရှားရပါမည်။ အဆိပ်သင့် တိရစ္ဆာန်ကို ၅ ရာခိုင်နှုန်း Acetic acid ဟုခေါ်သည့် ရှာလကာရည်ကို ၁ လီတာမှ ၂လီတာ (ပုလင်းကြီး နှစ်ပုလင်းမှ လေးပုလင်းခန့်)အထိ ရေနှင့်ရော၍ တိုက်ရပါမည်။

အကောင်းဆုံးကတော့ မိမိနှင့်နီးစပ်ရာ တိရစ္ဆာန်ဆေးကုဆရာဝန်ကို ခေါ်ယူပြသ ကုသမှုခံယူသင့်ပါကြောင်း ဖြေကြားပေးလိုက်ပါသည်။

မေး ကျွန်တော်၏နွားအုပ်ထဲမှ နွားငယ်လေးများ အသက် ၄-၅-၆ လသားအရွယ်တွင် နွားကျောင်းရာမှ ပြန်သွင်းလာသည့် အချိန်တွင် ခြေထောက်နာ၍ ထော့ကျိုးဖြစ်ရာမှ ပေါင်ရောင်ကာ လဲကျပြီး သေဆုံးသွားသည်ကို မကြာခဏ ကြုံတွေ့ရတတ်ပါသည်။ ရောင်နေသောပေါင်သည်လေများနှင့် အလွန်တရာ ဖူးရောင်နေပါသည်။ ဒေသအခေါ်အရ ထောင့်သန်းနာဟု ယူဆသည်။ ထို့ကြောင့် ဆူးကိုင်းရွက်နှင့် ရောင်နေသောပေါင်ကို ရိုက်ရာ သွေးများ စီးကျလာသည်။ နွားလေးသည် လဲကျနေရာမှ ပြန်လည်ကျန်းမာလာခြင်းမရှိဘဲ သေဆုံးသွားတတ်ပါသည်။ ယင်းကဲ့သို့ ဖြစ်ပွားခြင်းကို မည်သည့်ရောဂါဟု ခေါ်သည်ကို သိချင်ပါသည်။ နွားငယ် နွားပိုက်ကလေးများဆုံးရှုံးမှုမရှိစေရန် အတွက် မည်ကဲ့သို့ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည်၊ ရောဂါဖြစ်လာပါကလဲ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သိချင်ပါသည်။

(ဦးချစ်၊ ဆာမိကုန်းကျေးရွာ၊ အောင်လံမြို့နယ်)

ဖြေ ဦးချစ်၏နွားငယ်ကလေးများတွင် ဖြစ်ပေါ်သည့် ရောဂါသဏ္ဌာန်လက္ခဏာကိုခန့်မှန်း၍ ရောဂါအမည် ဖော်ပြရမည်ဆိုလျှင် ကျွဲ၊နွားပေါင်ပုပ်၊ လက်ပုပ်ရောဂါဖြစ်ပွားသည်ဟု ယူဆရပါသည်။ ယင်းရောဂါသည် နွားများတွင် အသက်အရွယ်မရွေး ဖြစ်ပွားတတ်သော ရောဂါဖြစ်သည်။ နွားငယ်များတွင် ရောဂါကျရောက်ဖြစ်ပွားပါက သေပျောက် ဆုံးရှုံးမှုဖြစ်စေသည့်အတွက် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ **စာရင်းဝင် ကူးစက်ရောဂါ**တစ်ခု ဖြစ်သည်။ နွားငယ်များ အထူးသဖြင့် သုံးနှစ်အောက်အရွယ်တွင် ဖြစ်ပွားကြပြီး တစ်မိုးနှစ်မိုးခိုင်းပြီး ခိုင်းနွားများတွင်လည်း ဖြစ်ပွားနိုင်သည်။ နွားကြီးများတွင် ဤရောဂါကို ခံနိုင်ရည်ရှိကြသည်။

ရောဂါဖြစ်ရသည့်အကြောင်းအရင်းမှာ ဘက်တီးရီးယားပိုးကြောင့်ဖြစ်သည်။ ရောဂါပိုးသည် ထိခိုက်ရှနာများမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်သည်။ ၎င်းအပြင်ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်အညစ်အကြေးများနှင့် ထိတွေ့မိသော အခါတွင်လည်းကောင်း၊ ရောဂါပိုးပါရှိသော အစာကိုစားမိခြင်းမှလည်းကောင်းကူးစက်နိုင်သည်။ ထို့ကြောင့် ကူးစက်မှု အလွန်လျင်မြန်သည်။ အူလမ်းကြောင်းသို့ ရောက်ရှိနေသော ရောဂါပိုးများ သွေးစီးလမ်းကြောင်းထဲပါသွားရာမှ ဒဏ်ရာဖြစ်နေသည့် အသားနေရာသို့ ရောက်ရှိပါက ၎င်းထိခိုက်ရှနာမှတစ်ဆင့် ရောဂါပိုးဝင်ရောက်လျှင်လည်းကောင်း ရောဂါပိုးများ ပွားများလာပြီး ရောဂါဖြစ်စေနိုင်သည်။

ရောဂါသဏ္ဌာန် လက္ခဏာမှာ ရောဂါကျရောက်စတွင် ပြင်းထန်ပါက နွားငယ်အချို့ ရုတ်တရက်သေဆုံးမှု ကြုံတွေ့ရတတ်သည်။

ခြေထောက်နာပြီး လမ်းမလျှောက်နိုင်ခြင်းသည် အဓိကလက္ခဏာ တစ်ခုဖြစ်သည်။ ရောဂါဖြစ်စတွင် အပူချိန်တက်သော်လည်း ခြေနာကြောင်းတွေ့ရချိန်တွင် အပူချိန်မှာ သာမန်သို့မဟုတ် သာမန်၏အောက်သို့ရောက်နေတတ်သည်။ ကြွက်သားပေါများသည့် တင်ပါး၊ လက်ပြင်၊ ရင်အုပ်၊ နောက်ကျောနှင့် လည်ပင်းတို့တွင် ရောင်ပြီး လက်ဖြင့် နှိပ်ကြည့်လျှင် အသံမြည်တတ်သည်။ ကြာသည်နှင့်အမျှ ပိုမိုရောင်လာပြီး နှိပ်ကြည့်လျှင် လေခိုနေသည့်အသံ ပိုမိုတွေ့ရှိရသည်။ ၎င်းနေရာတွင် အရေပြားအေးစက်နေတတ်သည်။ နွားငယ်သည် ထိုင်းမှိုင်းလာပြီး တုန်ရီလဲကျ သေဆုံးသွားတတ်သည်။ ရောဂါသဏ္ဌာန်လက္ခဏာတွေ့မြင်ပြီး ၁၂နာရီမှ ၂၄ နာရီအတွင်း သေဆုံးတတ်ပါသည်။

ဦးကြီးတို့၏နွားများက ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ချိန်တွင် ဆေးထိုးဖြစ်စေရန်စီစဉ်ပေးပြီး ကာကွယ်ဆေးထိုး အစီအစဉ်အတိုင်း စနစ်တကျဆေးထိုးထားမှသာ ကြိုတင်ကာကွယ်မှု ရရှိနိုင်မည်ဖြစ်သည်။ အကယ်၍ ကာကွယ်ဆေး မထိုးခဲ့သည်ရှိသော် ခြေထောက်နာသည့် သဏ္ဌာန်လက္ခဏာတွေ့သည်နှင့် ရောဂါခွဲခြားရန်အတွက် တတ်သိကျွမ်းကျင်သည့် တိရစ္ဆာန်ဆေးကုဆရာဝန်ကိုပြသသင့်သည်။ သို့မှသာ ရောဂါအမည် ဖော်ထုတ်နိုင်ပြီး အချိန်မီကုသပျောက်ကင်းနိုင်မည် ဖြစ်ပါသည်။

ကျွဲ၊ နွား ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးအသုံးပြုပုံမှာ ကျွဲ၊ နွားငယ်များ အသက်သုံးလသားအရွယ်တွင် စတင်ထိုးပေးနိုင်ပြီး ခြောက်လတစ်ကြိမ် ဆေးထိုးပေး၍ ကြိုတင်ကာကွယ်မှု ပြုလုပ်ထားရမည်ဖြစ်သည်။

ထို့ကြောင့် ဦးချစ်အနေဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန်များ ကာကွယ်ဆေးလာရောက် ထိုးပေးချိန်မှာ နွားအုပ်ထဲမှ အသက်သုံးလနှင့်အထက် နွားငယ်များကို ကာကွယ်ဆေးထိုး ဖြစ်စေရန် စီစဉ်ထားရမည်။ နွားပိုက်ငယ်ကလေးများဟာ နောင်တစ်ချိန်မှာ တန်ဖိုးမဖြတ်နိုင်သည့်ခိုင်းနွားများ ဖြစ်လာမည့်အတွက် နွားငယ်ကလေးများကို စနစ်တကျ ကာကွယ်ဆေးထိုးပေးနိုင်ရန် စီစဉ်သင့်ပါသည်။

ရောဂါဖြစ်ပွားလာပါက တိုင်းရင်းဆေးအနေဖြင့် မရိုးကြီးရွက် အစေးကို ပေါင်ပုပ် လက်ပုပ်ရောဂါကု လိမ်းဆေးအဖြစ် အသုံးပြုနိုင်သည်။ အသုံးပြုပုံမှာ မိုးနှံကိုင်းနှင့် ရောင်နေသောနေရာကို ရိုက်ပါ။ ဆူးပေါက်နေရာလေးများကို မရိုးကြီးရွက် အစေးသုတ်လိမ်းပေးပါ။ ပေါင်ပုပ် လက်ပုပ်ရောဂါ ပျောက်ကင်းနိုင်ပါသည်။ ။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းစုများ စုပေါင်းဝင်ငွေခွန် ပေးအပ်ပွဲကို ဇူလိုင် ၃ ရက်က ရွှေခရမ်းအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်ရုံးခန်းတွင် ကျင်းပရာ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးချိုက စုပေါင်းဝင်ငွေခွန်ကို မြို့နယ်အခွန်ဦးစီးမှူး ဦးခင်ဝင်းထံ ပေးအပ်စဉ်။ (၂၈၃)

မျိုးစပ်ငါးခူသားပေါက်များငါးမျိုးစိုက်ထည့်

ပူတာအို ဇူလိုင် ၄

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်မှူး ဦးအန်ကြည်၊ ပိုင်းမော်ငါးလုပ်ငန်း ဒုတိယစခန်းမှူးဦးသိန်းဖြိုးနှင့်အဖွဲ့သည် မျိုးစပ်ငါးခူသားပေါက်များကို ပူတာအိုမြို့နယ် နမ့်ထုံချောင်းတွင် ကောင်ရေ ၃၀၀၀၊ မဂျော့ဝေါချောင်းတွင် ကောင်ရေ ၂၀၀၀ တို့ကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် မျိုးစိုက်ထည့်ကြသည်။

ထို့နောက် ခရိုင် မွေး/ကုဦးစီးဌာနရုံးတွင် ငါးမွေးမြူရေးဝါသနာရှင်များအား ငါးမွေးမြူရေးနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ပြုလုပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၆ ရက်က ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ဒုတိယရဲမှူး မြဖေက ဖတ်ကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

ဇွန် ၂၁ ရက်က ရမည်းသင်းမြို့နယ် ပုတီးကုန်းကျေးရွာတွင် တူးဖော်ပြီးဖြစ်သည့် နှစ်လက်မစက်ရေတွင်းမှ ရေထွက်ရှိမှုကို အမှုဆောင်အရာရှိနှင့် အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)



ဇွန် ၂၃ရက်က အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး သန့်ရှင်းသာယာရေးအတွက် အင်ဂျင်နီယာ ဦးမိုးမြင့်၊ ဈေးတာဝန်ခံအဆင့်(၂) ဦးအေးသောင်းနှင့် ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)



မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဖြူးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ဖြူး ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ဖြူးမြို့နယ် ရန်ကုန်-မန္တလေးမော်တော်ကားလမ်း မိုင်တိုင်အမှတ် (၁၄၄/၀-၁၄၄/၁) ကြားတွင်ရှိသော ဖြူးမြို့နယ် ဇေယျဝတီဒေသ ရေသျှုံကြီးစံပြကျေးရွာ အသွားလမ်း လမ်းဘေးဝဲယာ တို့တွင် ဇွန် ၂၂ ရက် နံနက်ကကျင်းပသည်။

စုပေါင်းစိုက်ပျိုးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဒင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မြနှင့် ဝန်ထမ်းများ အပါအဝင် အင်အား ၂၀၀ခန့်တို့က ကျွန်းပင် ၃၀၀၊ သစ်ဆိမ့်ပင် ၁၀၀၊ အော်ရီးရှားပင်၂၅၀၊ မဲဇလီ၂၅၀၊ စွယ်တော်၂၅၀နှင့် စိန်ပန်းပင် ၁၈၀တို့ကို စိုက်ပျိုးခဲ့ကြသည်။

ဖြူးမြို့နယ် သစ်တော ဦးစီးဌာနအနေဖြင့် ၂၀၀၃ ခုနှစ် မိုးရာသီအတွင်း သစ်ဆိမ့်ပင် ၂၀၀၀၊ ကော်ဖီပင် ၃၆၀၀၊ ငရုတ်ကောင်းပင် ၂၀၀၀နှင့် ကျွန်းအပါအဝင် သစ်ပင်မျိုးစုံ ၇၀၀၀ကို ပျိုးထောင်ဖြန့်ဝေသွားရန် လျာထားပြီး ပျိုးပင်ပေါင်း ၄၄၆၀၀ ပျိုးထောင်ထားပြီး ဖြစ်ရာ ယခုအချိန်ထိ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းများတွင် သစ်ပင်မျိုးစုံ ၃၂၅၀၀ ဖြန့်ဝေ စိုက်ပျိုးပြီးကြောင်း သိရသည်။ (၂၈၄)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ မြို့သာယာလှပရေးအတွက် မိုးရာသီတွင် သစ်ပင်ပန်းပင်များ စိုက်ပျိုးနိုင်ရန် မြေကျင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက်က ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနှင့်ပြည်နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် အပြေးပြိုင်ပွဲကို ဇွန် ၂၃ရက်က စစ်တွေမြို့၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက အမျိုးသားအလွတ်တန်းအဆင့် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ **(ခရိုင် ပြန်/ဆက်)**

ရေဝတီတိုင်းရဲတပ်ဖွဲ့ အကြပ်လောင်းသင်တန်းဆင်း

ပုသိမ် ဇွန် ၃၀

ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အကြပ်လောင်းသင်တန်း အမှတ်စဉ် (၁/၂၀၀၃) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၃ ရက်နံနက်က ပုသိမ်မြို့ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှူးရုံးသင်တန်းကျောင်းခန်းမတွင်ကျင်းပရာ ရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညွှန့်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ **(က-ပ)**

ကျွဲပွဲမြို့တွင် လမ်းပြကြယ် စာကြည့်တိုက်ဖွင့်

အုတ်တွင်း ဇွန် ၃၀

အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ လမ်းပြကြယ် စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၈ရက်က ကျွဲပွဲမြို့ ဈေး(၂)ရပ်ကွက်တွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယရဲမှူးကြီးအောင်ထွန်းနှင့်တာဝန်ရှိသူများက အမှာစကားပြောကြားပြီး အမှုဆောင်ဦးဝင်းမြင့်က သုံးငွေစာရင်းရှင်းတမ်းနှင့် စာကြည့်တိုက်ဖြစ်ပေါ်လာပုံများကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

သုတေသနစီမံချက်လုပ်ငန်းသင်တန်းဖွင့်

ပြည် ဇူလိုင် ၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ သုတေသီများ ပူးပေါင်းဆောင်ရွက်သည့် တီဘီရောဂါတိုက်ဖျက်ရေး(DOTS)လုပ်ငန်းတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုကို လေ့လာခြင်း သုတေသနစီမံချက် လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ ရက် နံနက်က ပြည်မြို့ သားဖွားသင်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် စည်ပင်သာယာရေးဝန်ထမ်းများ စလင်းမြို့နရပတိစည်သူလမ်း ဝဲယာတစ်လျှောက်၌ နွယ်သာကီ၊ စိန်ပန်းပုရောင်စုံနှင့် ရွက်လှမျိုးစုံ ပန်းပင် ၄၀၀ ကျော်ကို ဇွန် ၂၈ ရက် နံနက်ပိုင်းက စုပေါင်းစိုက်ပျိုးကြစဉ်။ **(က-ပ)**

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ကျောက်တံခါးမြို့နယ် ကွင်းမြောက်ရပ်ကွက်ရုံး၌ ဇူလိုင် ၄ ရက်က ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးညွန့်မောင်ထံ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်မျိုးက နိုင်ငံသားကတ်ပြားများ ပေးအပ်စဉ်။ **(၀၆၇)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကော့သောင်း၌ သစ်ပင်စိုက်ပျိုး

ကော့သောင်း ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက် နံနက်က ကော့သောင်းမြို့ ၄မိုင်တောင်ပတ်လမ်းနှင့် သီရိမြိုင်ရပ်ကွက်တွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်စပယ်ဖြူနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ခေတ္တဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အသင်းအဖွဲ့ဝင် များနှင့်ပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်း၊ စိန်ပန်း၊ ဆီးသပြေနှင့်သစ်ဆိမ့်ပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(၃၈၉)**

တပ်ကုန်းမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မန်နေဂျာ ဒေါ်ချိုနွယ်ဦးနှင့် ဝန်ထမ်းများသည် ဇွန် ၂၇ရက်က မြို့နယ်အတွင်းရှိ ကျေးချောင်းကျေးရွာအုပ်စုမှ တောင်သူ ၃၂၂ ဦးအား မိုးရာသီဘဏ်ချေးငွေများ ထုတ်ပေးစဉ်။ **(၂၆၆)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းသင်တန်းဖွင့်

စစ်တွေ ဇွန် ၃၀

ရခိုင်ပြည်နယ် မြေစာရင်းဦးစီးဌာန၏ ၂၀၀၃ ခုနှစ်လယ်ယာသန်းခေါင် စာရင်းကောက်ယူခြင်းလုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၀ ရက်နံနက်က စစ်တွေမြို့ ပြည်နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးကိုကိုလေးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းသို့ ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇မြို့နယ်နှင့်ပလက်ဝမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ၊ စစ်တွေမြို့နယ်မှ စာရင်းစစ်၊ စာရင်းကောက်များ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၇-၇-၂၀၀၃

(တနင်္လာနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မက်စ်မြန်မာကုမ္ပဏီလီမိတက်၏ ပုစွန်မွေးမြူရေးလုပ်ငန်း)

၁၁း၄၀ သိပ္ပံပညာသတင်းပဒေသာ

၁၂း၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၂း၂၅ အားကစားသတင်းပဒေသာ

၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (တတိယတန်း-ပထဝီဝင်)

ညနေပိုင်း

၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ

၁၇း၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လမြတ်ဝါဆို-သာရဝေါစိုးကြည်)

၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)

၁၉း၁၅ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မောင်မျိုးမင်းအောင်နှင့် မန္တလေးတိုင်းမှ မောင်အောင်ဟိန်းဆိုင်းအဖွဲ့)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏
၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အတွင်း
ပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့နိုင်ခဲ့သော
ပထမဆု ကို
ဒုတိယအကြိမ် ထပ်မံချီးမြှင့်ခြင်းခံရသည့်
ASIA WINNER INDUSTRIAL CO., LTD. ၏
MANAGING DIRECTOR - U AUNG NAING အား
ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။
SAER Electric Water Pump
- ဦးစောလွင် - ဥက္ကဋ္ဌ (Arrow Trade International Ltd.)
- ဦးရှော်ဒီ - အုပ်ချုပ်မှုဒါရိုက်တာ (Arrow Trade International Ltd.)
- ဦးကျော်နိုးအောင် - ဒါရိုက်တာ (Arrow Trade International Ltd.)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ ၈ လမ်း၊ အမှတ် ၇ နေ
ဦးဝမ်စို-(ဒေါ်ခင်ရီ)
တို့၏သားထွေး
မောင်ငယ်ငယ်အောင် B.Sc (I.C)
(ရွှေဝါပွဲရုံ၊ ဘုရင့်နောင်)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပိတောက်လမ်း၊
အမှတ် ဆ/၄၄ (ဘီ) နေ
ဦးသိန်းလွင်-ဒေါ်ခင်ခင် (သီရိမင်္ဂလာဆန်စက်၊ မော်ကျွန်းမြို့)
(ရွှေကျွန်းမင်္ဂလာဆန်ပွဲရုံ၊ ဘုရင့်နောင်)
တို့၏သမီးထွေး
မနီနီခိုင် M.Sc (Botany)

တို့သည် ၆-၇-၂၀၀၃ ရက်တွင် နှစ်ဖက်သောမိဘများနှင့် မိတ်သင်္ဂဟလူကြီးများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ငယ်ငယ်အောင်-မနီနီခိုင်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ၉ လမ်း၊ အမှတ် ၂၉၆ နေ
တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးလှလေး-(ဒေါ်စိန်လှိုင်)
တို့၏သား
မောင်အောင်စန်းတင် B.Sc(Maths)
Q.M(Carnival Cruise Lines,Miami,Florida,U.S.A) နှင့်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မိုးစန္ဒာလမ်း၊ အမှတ် ၁၀၀ နေ
ဦးထွန်းဝင်း[အင်ဂျင်နီယာမှူး-(ငြိမ်း)၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]-ဒေါ်စိန်တင် တို့၏သမီးထွေး
မတင်ဌေးဝင်း B.Com

တို့၏ ၆-၇-၂၀၀၃ရက်တွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် မင်္ဂလာဧည့်ခံပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်အောင်စန်းတင်-မတင်ဌေးဝင်း

01-375822

အမည်ပြောင်း

ဦးဌေးလွင်၏သား အထက (၁) ဒဂုံ အဋ္ဌမတန်း(H)မှ မောင်ကျော်သက်ပိုင်အား မောင်ကျော်လင်းနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်လင်းနိုင်

အကျိုးအကြောင်း
အဆိုအကောင်း

အမြန်ငှားလိုသည်

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြား မင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၃၆၅/၃၆၇၊
ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂



အမည်ပြောင်း

ဦးသောင်းလွင်၏သမီး မိတ္ထီလာမြို့ အမက (၆) ဒုတိယတန်း(ခ)မှ မအေးသန္တာလွင်အား မအိမ့်မှူးခင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိမ့်မှူးခင်**

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇၊ အမှတ် ၅/၅၀-ဘီ၊ အောင်တေဇလမ်း၊ (၆) ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာရှိ ၂၂ပေ X ပေ ၆၀ ခန့် အကျယ်ရှိသော မြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးလှရွှေ ၁၂/ကမတ(နိုင်)၀၃၉၉၅၀ က ၆-၄-၁၉၉၇ ရက်စွဲပါ စာချုပ်အရ မိမိပိုင်ငွေဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် နှစ်ထပ်တိုက်အိမ်တစ်လုံးကို ဦးလှရွှေပိုင် ဟီးနိုးဘတ်စကား(ပ/၂၃၃၆)အား ရောင်းရငွေဖြင့် ဆောက်လုပ်ထားခဲ့ပြီး တရားဝင်နေထိုင်လျက်ရှိပါသည်။ အဆိုပါအိမ်နှင့်မြေကို ရန်ကုန်မြို့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ၁-၇-၂၀၀၃ ရက်စွဲပါ ဦးလှရွှေ၏ မြေငှားစာချုပ်ထုတ်ပေးရန်လျှောက်လွှာအရ မြေငှားစာချုပ်ထုတ်ယူရန် စီစဉ်နေဆဲဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးလှရွှေ၏ တရားဝင်သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပေးကမ်းလှူဒါန်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း စသည်ဖြင့် လုပ်ဆောင်ရန်ခွင့်မပြုပါကြောင်းနှင့် ထိုသို့ဆောင်ရွက်မှုတစ်စုံတစ်ရာရှိပါက ဆောင်ရွက်သူ၏ တာဝန်သာလျှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘမော်
တရားရုံးချုပ်ရှေ့နေနှင့်ဥပဒေအကြံပေး
B.Sc.,R.L,D.A,D.M.A, D.B.L, D.A.P
တိုက်(K)၊ အခန်း(၄၀၅)၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၂၈၇၆၅

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း (၂/၂၀၀၃)

